# သခင့်စကား

The LORD's Word

ဝိညာဉ်ရေး ရာ စာစောင်


ငါ၏လူများတို့၊ ငါ့တရားကို နာကြလော့။
ငါမြွက်သော စကားကို နားထောင်ကြလော့။
ဆာလံ ၇၈း၁


အမှတ်စဉ် (၈၇) နိုဝင်ဘာလ ၂၀၀၈ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## နာဂစ်ကဗျာ ၃ မင်းအောင်သက်လွင်

နှစ်ထောင့်ရှစ် ရဲ့ ဇွန်လ မှာ လေကြီး မိုးကြီး ပြင်းထန်လာ
ပင်လယ်ပြင်က လှိုင်းဂယက်၊ အုန်းပင် လောက်ထိ သူ မြင့်တက်
ခနိတဲ နဲ့ လူ တိရစ္ဆာန် ၊ လှိုင်းလေ ထဲမှာ ပလူပျံ
ကယ်ပါ ယူပါ ဟစ်အော်လဲ ၊ လှိုင်းလေထဲမှာ လည်ကာ ဝဲ။
ခိုကိုးရာမဲ့ အသက်ဝိညာဉ် ၊ ဆွဲမိ ဆွဲရာ ကောက်ရိုးမျှင်
အုတ်တိုက် ကျောင်းတွင်း ခိုဝင်လဲ ၊ အုတ်ပုံ ပြိုကာ ပိကာ လဲ
သေဆုံးသွားတဲ့ ဝိညာဉ်တွေ ၊ ကောင်းရာ မွန်ရာ ရောက်ပါစေ ။
နှုတ်မြွက်ကာလေ ဆုမွန် 'တ' ၊ ရှင်သော သူတွေ နောင်တ 'ရ'
မေ့ မရတဲ့ ဖြစ်ရပ်မှန် ၊ ရင်တွင်းထဲက ခေါင်းလောင်းသံ
ကမ္ဘာပျက်တဲ့ မုန်တိုင်းည ၊ 'နာဂစ်ကြီး'လို့ အမည် ရ
ဘဝ ဆိုတဲ့ ခနတာ ၊ တိုတောင်း လွန်းသဗျာ
ဆင်ခြင်မိတာ 'သာဓက' ၊ ဘယ်အရာ မဆို 'အနတ္တ'
ရှင်သန် ခန ဘဝမှာ ၊ ကောင်းရာ မွန်ရာ ကျင့်ကြံပါ ။
မှတ်ယူကာလေ ဆင်ခြင်ကြ ၊ 'နာဂစ်ကြီး'က သက်သေပြ ။

---



ထန်းတစ်ပင်ရွာလမ်းမပေါ်တွင် ကစားနေသောကလေးများ



သစ်ရွက်များနှင့် ကစားနေသော ကလေးများ

## ငါသောက်တဲ့ရေ ( ဇင်မာ ) ပုသိမ်

လူချမ်းသာတို့ လမ်း၊ နှစ်ဆောင်ပြိုင် ဘန်ဂလိုနဲ့၊
ခနကြွယ် ဂုဏ်မောက်၊ ဘဝင်ကြီးတဲ့ သူဌေးကတော်။
အလူမီနီယံ မှန်တပ်၊ အဲယားကွန်းက လေ ကိုယူ
စပါး (Spa) ဆိုတဲ့ ဓါတ်စမ်းရေနဲ့ စိမ်၊ အနိုပ်ခန်းမှာ ငြိမ့်နေပြီး
ဂျာမဏီလုပ် ဘီအမ်ဒဗလယ်လျူ ကား (BMW) နဲ့၊ ဟိတ်ဟန်ကြီး ထုတ်လို့
ဟောလီးဝုဒ်က ဘစ်တနီးစပီးယားရဲ့ ပေါ့ပ် မှ အာရုံငြိသတဲ့။
သူ့စိတ်ကူး သူ့အရိပ် ဗူးထဲမှာတော့ ဒီဘဝမှာ ပြည့်စုံပြီပေါ့။
သူ့ လေဟာနယ်ထဲက၊ မောဟ ဆိုတဲ့အခိုးအငွေ့တွေ ….။
အဲ – သူသောက်တဲ့ ရေက၊ ဩစတြေးလျက ရေသန့်မှတဲ့။
နုံချာဆင်းရဲ ငမွဲမ မို့ ငါသည်လည်းပဲ ၊ သူတစ်ပါး စေသမျှ ပြုရတဲ့
အိမ်ဖော် ဘဝ မလှပ ၊ ကြွားစရာ ဂုဏ်မရှိ၊ စားစရာက သူတို့ကျန်တာ။
အဲ – ငါသောက်တဲ့ ရေ ကတော့၊ တန်ဖိုးအနဂ္ဃ အချိန်မြိန်ဆုံး
စမ်းရေတွေထဲက တစ်စက်နဲ့တင် လုံလောက် ၊ နောက်တစ်ဖန် ပြန်ပြီး မငတ်စေတဲ့
ခရစ်တော် ပေးတဲ့ အခမဲ့ ရေ ၊ ထာဝရ အသက်စမ်းရေတွေလေ။ (ယော ၄း၁၃–၁၄)

---



ထန်းတစ်ပင်ရွာမှ ကလေးများ

## ။ ဝမ်းနဲခြင်းထဲကဝမ်းမြောက်မှု ။ ဆိုးရင်ယ် (L.K)

ဝေလီဝေလင်း နံနက်ခင်း ၊ စိတ်ဓာတ်တွေက ကျလို့ ဆင်း
မနက်ခင်းရဲ့သံစဉ်သီချင်း ၊ သူ့အသံနဲ့ ဝေးလို့ ကင်း။
ခေါင်းငိုက်စိုက်ချ ဖြတ်လျှောက်လာ ၊ ကြည့်လိုက်မိတာ စင်ပေါ်မှာ
နက်ပြာ အဖုံးနဲ့ စာအုပ်ကများ ၊ ငါ့ကို လက်ယပ်ခေါ်နေသလား။
သေသေချာချာ ကြည့်လိုက်တော့ ၊ အဲဒါ Holy Bible ပေါ့။
ဒီလိုအချိန်မှာ သိလိုက်တာ ၊ ငါဟာ ဘုရားနဲ့ ဝေးကွာစွာ
လောကအလယ်မှာ လျှောက်လှမ်းရင်း ၊ ကျမ်းစာနဲ့လဲ ဝေးလို့ ကင်း။
နောင်တများနဲ့ ဝမ်းနဲစွာ ၊ မျက်ရည် သွင်သွင် ကျဆင်းလာ
ကိုယ်တော်ဘုရား ခွင့်လွှတ်ပါ့မလား ၊ ကျမ်းစာအုပ်ကို ဖွင့်လျက်သား။
လုကာ ၁၅း၂၄ ဟာ ၊ ငါ့အတွက်ခွန်အား ဖြစ်စေတာ။
ကိုယ်တော်ရှင်နဲ့ ပြန်လျှောက်ဖို့ ၊ လမ်းမှန်ရောက်အောင် အားပေးလို့။
ကိုးစားရင်းနဲ့အသက်ရှင်မယ် ကျေးဇူးတင်တယ် အိုအရှင်ရယ်။ ။

---

ထန်းတစ်ပင်ရွာမှ ထန်းပင်



## တို့တတွေရဲ့ဘုရားကျောင်းလေး (မ – ယုံကြည်သူ)

စက်ဘူရောက်လာ နှစ်တွေကြာခဲ့ ၊ ကြုံဆုံခဲ့ရ ဘော့စ် တွေဟာ
တစ်ချို့က ကြင်နာမှုလေးနဲ့ ၊ တချို့ကျ ပြန်တော့ ရက်စက်လိုက်တာ
ဘုရားသခင်ရဲ့နှုတ်ကပတ်တော် နာခံစွာနဲ့ သက်သေခံရင်း
ချစ်မိတ်ဆွေ တို့တတွေရဲ့ ခက်ခဲမှုတွေ တို့တတွေရဲ့ ကြည်နူးမှုတွေကို
ပြုံးပြုံးလေးနဲ့ ခွန်အားယူကြရင်း Sunday ရောက်တဲ့
ဒီလိုနေ့တိုင်း ဘုရားကျောင်းလေးထဲမှာ ဆုံဆည်းကြပါစို့။ ။

## သခင်သို့ဆုတောင်း ဆိုင်းထောင်

သခင်ဘုရား …. အကျွန်ုပ်ဟာ ချစ်ခြင်းမေတ္တာ အရာ၌ အားနည်းသူ မဖြစ်ချင်ဘူး။
လောကအရာကို မက်မော စွဲလန်းလွန်းသူ မဖြစ်ချင်ဘူး။
သမ္မာတရားကိုသိလျက် ကျောခိုင်းလျှောက်နေသူ မဖြစ်ချင်ဘူး။
ဥာဏ်ပညာမဲ့သူမဖြစ် ချင်ဘူး။ မာန်မာနကို ဦးစားပေးသူမဖြစ်ချင်ဘူး။
မကောင်းမှုအရာ၌ သွေးဆောင်ရ လွယ်ကူသူ မဖြစ်ချင်ဘူး။
မိဘကိုမထီမဲ့မြင်ပြုသူ မဖြစ်ချင်ဘူး။ ဇာတိထဲမှအစဉ်ရုန်းမထွက်နိုင်သူ မဖြစ်ချင်ဘူး။
သစ္စာဂတိ ပျက်လွယ်သူ မဖြစ်ချင်ဘူး။ သိမ်ငယ်စိတ်ကို ပြုစုသူ မဖြစ်ချင်ဘူး။
အစားကြူးသူ၊ အအိပ်မက်သူနှင့် ပျင်းရိလွန်းသူ မဖြစ်ချင်ဘူး။
ဒေါသ အမျက်ကြီးသူ မဖြစ်ချင်ဘူး။ ငြီးတွားခြင်းဖြင့် အချိန်ကုန်စေသူ မဖြစ်ချင်ဘူး။
စုံစမ်းခြင်းထဲမှ မထွက်မြောက်နိုင်သူ မဖြစ်ချင်ဘူး။
ခွင့်လွှတ်ဖို့ ခက်ခဲလွန်းသူ မဖြစ်ချင်ဘူး။ သည်းခံခြင်းအရာ၌ အားနည်းလွန်းသူ မဖြစ်ချင်ဘူး။
နှလုံးသားထဲမှာ "ငါ" စိတ်ချည်းပဲရှိနေသူ မဖြစ်ချင်ဘူး။
မကောင်းသောအမှုအရာကို ချင့်ချိန်မဲ့စွာ ကြားပြောသူ မဖြစ်ချင်ဘူး။
အားနည်းသူကို ထပ်၍ အနိုင်ယူတတ်သူ မဖြစ်ချင်ဘူး။
အမှန်တရားအတွက် မလိုအပ်ပဲ နှုတ်ဆိတ်နေသူ မဖြစ်ချင်ဘူး။
တရားသော အမှုအတွက် ကြောက်ရွံ့နောက်ဆုတ်တတ်သူ မဖြစ်ချင်ဘူး။
ဒုစရိုက်ပြုရာ၌ ရဲရင့်သူ မဖြစ်ချင်ဘူး။ အကျိုးမဲ့စကား များသူ မဖြစ်ချင်ဘူး။
မမှုတမှုကို ဘက်လိုက် လက်ခံတတ်သူမဖြစ်ချင်ဘူး။
ဟန်ဆောင်မျက်နှာဖုံးနဲ့ လူမှုရေးကောင်းသူ မဖြစ်ချင်ဘူး။
လှပစွာ တန်ဆာဆင်ထားတဲ့ မေတ္တာမဲ့ စကား ပြောတတ်သူ မဖြစ်ချင်ဘူး။
အမှန်တရားကို မမြင်တတ်လွန်းသူ မဖြစ်ချင်ဘူး။ အမှားကို မပြုပြင်တတ်သူ မဖြစ်ချင်ဘူး။
အမှားကို ဝန်မခံတတ်သူနှင့် ဝန်ခံခက်ခဲလွန်းသူ မဖြစ်ချင်ဘူး။
နောင်တ မရတတ်သူနှင့် နောင်တ အခါခါရသူ မဖြစ်ချင်ဘူး
လဲကျတဲ့အခါ ပြန်မထနိုင်သူ မဖြစ်ချင်ဘူး။ အပြစ်ကိုဖုံးကွယ်ပြီး အသက်ရှင်သူ မဖြစ်ချင်ဘူး။
ခါးသီး နာကျင်မှုများကို မမေ့လျော့နိုင်သူ မဖြစ်ချင်ဘူး။
သူတပါးကို မှားယွင်းလွယ်ကူစွာ ဝေဖန်ကဲ့ရဲ့တတ်သူ မဖြစ်ချင်ဘူး။
သူတပါးကို နာကျင်ထိခိုက်စေသူ မဖြစ်ချင်ဘူး။
သူတပါးအပြစ်ကို မြင်လွယ်တတ်သူ မဖြစ်ချင်ဘူး။
သူတပါး အကျိုးနည်းစေရန် အချည်းနှီးသော ကြံစည်သူ မဖြစ်ချင်ဘူး။
သူတပါးပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် သွေးဆောင်တိုက်တွန်းသူ မဖြစ်ချင်ဘူး။
သူတပါးအပြစ်လွှတ်ရန် နှောင့်နှေးသူ မဖြစ်ချင်ဘူး။
သူတပါးအားနည်းချက်ကို ရယ်မောတတ်သူ မဖြစ်ချင်ဘူး။
သူတပါး သားမယားကို ကိုယ်စိတ်နှလုံးနှင့် ပြစ်မှားတတ်သူ မဖြစ်ချင်ဘူး။
အချိန်ကို စည်းကမ်းမဲ့ အလဟသကုန်ဆုံးစေသူ မဖြစ်ချင်ဘူး။
အဖော်မဲ့ အထီးကျန်သူ မဖြစ်ချင်ဘူး။ ဘုရားဘုန်းတော် ရှုံ့ချသူ မဖြစ်ချင်ဘူး။
ဘုရား ဘဏ္ဍာ ခိုးသူ မဖြစ်ချင်ဘူး။ ပေးလှူခြင်း၌ ကပ်စေးနဲလွန်းသူ မဖြစ်ချင်ဘူး။
ကျေးဇူးတရားမသိတတ်သူ မဖြစ်ချင်ဘူး။ အရာရာ၌ကျေးဇူးတော်မချီးမွမ်းနိုင်သူ မဖြစ်ချင်ဘူး။
သူတပါးကို ဆုံးမလျှက်နှင့် ကိုယ်တိုင် ကျဆုံးနေသောအသက်တာ မဖြစ်ချင်ဘူး။
စသည်… စသည်… အထက်ပါ ဆုတောင်းချက်များပြည့်စုံဖို့…. သခင်ယေရှုဘုရား
ကျွန်ုပ် နှလုံးသား၌ အစားထိုး နေရာယူ၍ အသက်ရှင်တော်မူပါ… ။ ။
(ဝန်ခံချက်။ ။သမ္မာကျမ်းကို အခြေပြု၍ရေးသားပါသည်။) ဆိုင်းထောင်

---

## ရှိုက်သံ (၂) (မင်းထွန်းသက်လွင်)

မလိမ်ချင်ဘူး ၊ လိမ်နေရတယ်။ မညာချင်ဘူး ၊ ညာနေရတယ်။
မစားချင်ဘူး ၊ စားနေရတယ်။ မသောက်ချင်ဘူး ၊ သောက်နေရတယ်။
မဆဲချင်ဘူး ၊ ဆဲနေရတယ်။ မပြောချင်ဘူး ၊ ပြောနေရတယ်။
မလုပ်ချင်ဘူး ၊ လုပ်နေရတယ်။ မကိုင်ချင်ဘူး ၊ ကိုင်နေရတယ်။
မမိုက်ချင်ဘူး ၊ မိုက်နေရတယ်။ မဆိုးချင်ဘူး ၊ ဆိုးနေရတယ်။
အမေရယ် သားကိုခွင့်လွှတ်။ အစ်မရယ် မောင်လေးကို ခွင့်လွှတ်။
အစ်ကိုရယ် ညီလေးကို ခွင့်လွှတ်။ မိန်းမရယ် မောင့်ကို ခွင့်လွှတ်။
သားလေးရယ် အဖေ့ကို ခွင့်လွှတ်။



ထန်းတစ်ပင်ရွာ၏ဘုရားရှိခိုးကျောင်း

သူများ မကောင်းကြောင်း လိုက်ပြောတဲ့ အခါ အပြောခံရတဲ့ သူက မကောင်းတာ မဟုတ်ဘူး။ လိုက်ပြောတဲ့ သူသာ မကောင်းတဲ့သူ ဖြစ်တယ်။
ကိုယ်က သိပ် ချွန်နေရင် သူများတွေကို ထိုးမိ ခိုက်မိ လိမ့်မယ်။ ကိုယ်က သိပ် တုံးနေရင်လဲ သူများက ကိုယ့် အပေါ် တက်ထိုင်သွားလိမ့်မယ်။

ရိုးသားမှုတွေ အားလုံး အရောင်ကျွတ် ၊ စွန်းထင်းမှုတွေ ရောပြွတ်လို့
ကိုယ့်ကိုကိုယ်လည်း မမှတ်မိ ၊ နောက်ဆုံးတောင်းပန်ချင်သူအတွက်
သခင်ရယ် ... အပြစ်သားကို ခွင့်လွှတ်။ ။

---

**သခင့်ထံသို့** *နန်း ရထိုက်* (က.န.ခ)

လောက သမုဒ္ဒရာထဲမှာ လက်ပစ်ကူးရတာ မောပန်းလွန်းတယ် သခင်၊
ဝမ်းရေးအတွက် မပြည့်စုံလို့ ကြိုးစားရှာဖွေရတာ ပင်ပန်းလွန်းတယ် သခင်၊
လောက ဧည့်သည်ဆိုတဲ့ အသိတရားမရှိလို့ လောဘရမ္မက် တက်ခဲ့မိပါတယ် သခင်၊
လောဘ ရမ္မက်ကြောင့် လမ်းမှားသို့ မလျှောက်မိစေဘို့ ပဲ့ကိုင် ပေးပါသခင်၊
ယာယီတဲမှာ ပူလောင်လွန်းလို့မေတ္တာရေလေးတစ်စက်လောက်သွန်းလောင်းပေးလိုက်ပါသခင်။

---

**သော့်အတွက်အမှတ်တရ** အားနီ (Arr Ni)

ဘဝဟာ တစ်ခါလဲ တစ်ခါထူနဲ့ ၊ အားယူလို့ ခရီးနှင်
အရှုံး မပေးဘူးရယ်လို့ ၊ အတွေးမှာ အောင်လံ ထူကာပေါ့
ဘယ်သူ ကူကူ မကူကူ ၊ လူ ဆိုတဲ့ မာနနဲ့
ကိုယ့်ဘဝကိုယ် တည်ဆောက်ကာ ၊ လျှောက်လှမ်းဖို့ပြင်
မုန်တိုင်းဘဲ ဆင်ဆင် ၊ မီးအိုင်ဘဲ ဝင်ဝင်
စိတ်အစဉ် မတုန်လှုပ်၊ ခြေတစ်လှမ်းအစ ကြမ်းလှတဲ့ ဒီခရီး
ချွေးသီးချွေးပေါက်တွေနဲ့ ၊ လမ်းပျောက်မတတ် ဖြစ်ပါစေ
စိတ်ဓါတ်က သံမဏိ မို့ ၊ အားရှိသမျှ ရုန်းထွက်လို့ရယ် တစ်သက် နောက်မဆုတ်။

ကျွန်မ (၈)တန်းကျောင်းသူ ဘဝ တုန်းကပေါ့။ အဋ္ဌမတန်း (အေ) ဆိုတာ နာမည်ကြီး အခန်း၊ ဒီအခန်းထဲ မှာဘဲ အမှတ်မထင် မတိုင်ပင်ဖြစ်ပဲနဲ့ အတူထိုင် ဖြစ်ကြတယ်။ သူ့နာမည်က(သော်)။ ချစ်လွန်းလို့ အဖျားဆွတ် ခေါ်တာ၊ နဂိုကမှ ကျွန်မ ကိုယ်၌ကိုက အများနဲ့ ရောရောနှောနှော မနေချင်တာ၊ သော်လဲ အတူတူပဲ၊ မတူတာ တစ်ခုပဲ ရှိတယ်၊ ကျွန်မဘဝမှာ အားလုံးပြီးပြည့်စုံတယ်၊ သော့်ဘဝမှာ ပြည့်စုံတယ် ဆိုတာ မရှိသလောက်ပဲ၊ ပြောရင်းတွေးရင်း ငိုချင်လာတယ်။

သနားစရာ အကောင်းဆုံးက သော်ဟာ စကား မပြောတတ်ဘူး၊ စကား မပြောတတ်တဲ့ မိန်းကလေးဟာ အဋ္ဌမတန်းထိ ရောက်အောင်ပညာ သင်နိုင်တယ်။ အဋ္ဌမတန်း တင်မကဘူး ကျွန်မနဲ့အတူ ၁၀တန်းအထိ ဆက်တက်ခဲ့ကြတယ်။ ကျွန်မနဲ့ ပိုရင်းနှီးလာတယ်၊ ညီအစ်မ အရင်းထက် ပိုချစ်လာကြတယ်။ သော်ဟာ စာရေးဖို့ ဘောပင် တစ်ချောင်းဝယ်ဖို့တောင် မတတ်နိုင်ရှာပါဘူး၊ ဒီလောက်ထိ ဆင်းရဲရှာတယ်၊ ကျောင်းတက် ခဲ့တဲ့သက်တမ်းတစ်လျှောက်သူ့ကို လိုလေသေးမရှိ ကျွန်မ ကူညီခဲ့တယ်။ ကျွန်မနဲ့ စာအတူတူကျက်တဲ့အခါ သူ့ပါးစပ်က ဝူးဝူးဝါးဝါး လေးပဲ ထွက်နိုင်တဲ့ သော့်ကို စောင့်ပြီး ကူကျက်ပေးတယ်။ အခန်းထဲက လူတွေကတော့ သူ့ကို တစ်ခါ တစ်ရံစကြ၊ နောက်ကြတယ်၊ သူတို့ပါးစပ်က အ ချင်ယောင်ဆောင်ပြီး ဝူးဝူးဝါးဝါး နောက်ပြကြတယ်။ ကျွန်မကိုလဲ အ, အ မ နဲ့ပေါင်းနေလို့ ရူးနေလား မသိဘူးတဲ့၊ ဟား ဟား ရီစရာပဲနော်။

ကျွန်မ ပြောလိုက်ချင်တယ်။ နင်တို့ရဲ့ ပြီးပြည့်စုံနေတဲ့ လူတွေရဲ့ စိတ်ထားက အဲဒီလို အ နေတဲ့လူရဲ့စိတ်ထားကို ဖင်ဖျားတောင် မမှီပါဘူးလို့နော်။ ထားပါ တော့လေ ဒီလိုနဲ့ ၁၀ တန်းနှစ်မှာ သူတော်ကောင်း ဘုရားသခင် စောင့်ရှောက် တယ် ထင်တယ်။ စာမေးပွဲအတွင်း ကျွန်မနဲ့အတူလိုက်အိပ်ပြီး စာကျက်ကြတယ်၊ ဒါပေမယ့် သူ့ မျက်နှာလေးက မရွှင်ဘူး၊ စာထဲမှာ စိတ်မရောက်ဘူး၊ ကျွန်မ သူ့ကို လက်ဟန် ခြေဟန်နဲ့ မေးတော့ အိမ်မှာသူ့အမေ တော်တော်နေမကောင်း ဖြစ်နေတယ်တဲ့။ အခြေ အနေလဲ အရမ်းဆိုးတယ်တဲ့၊ မပြည့်စုံတဲ့ မိသားစုမှာမှ လာဖြစ်ရတယ်လို့။ ဒီရောဂါကိုက မပြောလိုက်ချင်ဘူး၊ အစာအိမ်ရောင်ပြီး ဖျားတာတဲ့၊ ဒါနဲ့ ကျွန်မ သူ့ကို နှစ်သိမ့်တယ်၊ စာကို ရအောင်ကျက်ပါ၊ မနက်ကျရင် ငါနင့်ကို ဆိုင်ကယ်နဲ့ လိုက်ပို့ ပေးပ့ါမယ် နော်လို့။ မနက်ဖြန်နေ့လည် ၁း၃၀ ဆိုရင် Physics ဖြေရမယ်လေ၊ ကျွန်မက Physics ဆိုသိပ်ပိုင်တယ်။ သော့်ကို ကောင်းကောင်း ပြပေးနိုင်တယ်။ ဒါပေမယ့် သော် စိတ်မဝင်စားဘူး၊ သူ့အမေဆီ စိတ်ရောက်နေတယ်၊ နဲနဲကြာတော့ သူ့ကိုကျမ Laws တွေရဲ့ Lens အကြောင်းတွေရှင်းပြပြီးကျက်ခိုင်းတော့သူပြောတယ်၊ ဒါတွေကို သူ အမြန်ဆုံး ရအောင် ကျက်မယ်။ ကျက်လို့ရရင် သူ့ကို ညတွင်းချင်း သူ့ အမေဆီ ပို့ပေးပါနော်တဲ့၊ ကျွန် မရင်ထဲမှာ မကောင်းလိုက်တာ၊ ဒါနဲ့ကျွန်မ သူ့ကို ဂတိပေး လိုက်တယ်၊ သူက ဉာဏ်ကောင်းတယ်၊ သူ စာ အလွတ်ရတော့ အချိန်က ည(၁း၄၅) ရှိနေပြီ၊ ကျွန်မတို့နယ်မှာက တအားအေးတယ်၊ နှင်းတွေဆိုလည်း ပိတ်ပြီး ကျတာ၊ စာမေးပွဲအချိန်အတွင်း ပိုအေးတယ်၊ ဒါပေမယ့် သူ့ကို ကျွန်မ ကူညီမယ်လို့ ဂတိပေးထားတယ်၊ ဒီလောက် အေးခဲနေတဲ့အချိန် လူသူပြတ်ပြီး တိတ်ဆိတ် နေတဲ့ အချိန်မှာ မိန်းကလေးဖြစ်ပေမဲ့ ကျွန်မ အချိန်မဆိုင်းတော့ဘူး၊ ဒါနဲ့ ခြေအိတ်၊ လက် အိတ်၊ ဦးထုပ်၊ ဘောင်းဘီရှည် အကုန်ဝတ်ကြပြီး ကျွန်မ သူ့ကိုလိုက်ပို့တယ်။ ကဲ ဘာပြော ကောင်းမလဲ အိမ်ရောက်တော့ သူ့အမေက သူ့ကိုပြောတယ်၊ သမီး လိမ်လိမ်မာမာ နေခဲ့နော် ဆိုပြီး နှစ်ယောက်သားဖက်ပြီး ငိုနေရင်းနဲ့ သူ့အမေ ဆုံးသွား ရှာတယ်။ နောက်ဆုံးအကြိမ်လေး တွေ့လိုက်ရရှာပါတယ်။ ကျွန်မလဲ လိုက်ငို မိတယ်။ သော့်ကို ကျွန်မ ဖက်ထားပေးတယ်။ နှစ်သိမ့်တယ်။ တကယ့် စာမေးပွဲ အကျပ်အတည်းထဲမှာ မုလာဖြစ်တယ်တဲ့နော်။ အဆိုးထဲက အကောင်းပေါ့။ ၁၀တန်း အောင်စာရင်း ထွက်တော့။ ဟော – ကည–၃၂၆ မသော်သော်အေး၊ ကည–၂၄၃ ကျွန်မ ပေါ့နော်။ ပျော်လိုက်တာ။ အကျယ်ကြီး အော်ပစ်လိုက်တယ်၊ ကမ္ဘာပေါ်မှာ အပျော်ဆုံး လူသားနှစ်ဦး သော်နဲ့ကျွန်မ၊ သော့်ကို ကျွန်မ ကချင်ရိုးရာဝတ်စုံတစ်စုံ စပါယ်ရှယ် လက်ဆောင်အဖြစ်နဲ့ ဆုချခဲ့တယ်။ ဒီနောက်ပိုင်းမှာ ကျွန်မလဲ စီးပွားရေး လုပ်ငန်း လောကထဲ ဝင်ခဲ့တယ်။ သော် ဘယ်ရောက်နေပြီလဲ၊ အခုဆိုရင် အရာရှိကြီး ဖြစ်နေပြီလား။ သူကျောင်းကော ဆက်တက်ရဲ့လား၊ ကျွန်မ ဖားကန့်မြို့မှနေပြီး သူ့ အကြောင်းစုံစမ်းပါသေးတယ်။ သတင်းပြတ်သွားခဲ့တယ်။ ကျွန်မ အခု စင်္ကာပူ ရောက် တော့ အလွမ်းဓါတ်ခံတွေက အဖေ့ကိုရယ်၊ အမေ့ကိုရယ်၊ မောင်နှမတွေရယ်ကို လွမ်းနေတာနဲ့ သော့်ကို လွမ်းမိတယ်။ အရမ်းသတိရတယ် သော်ရယ်။ ကျွန်မ မြန်မာပြည်ကို ပြန်ရောက်ရင် သော့်ကို သွားရှာမယ်လို့ ဆုံးဖြတ်ထားတယ်။ သော့်ကို လွမ်းလွန်းလို့ သခင့်စကားစာစောင်မှာ ရင်ဖွင့်လိုက်ပါတယ်။ သော့်အတွက် အမှတ်တရ ချစ်သူငယ်ချင်း – – *အားနီ* ( Arr Ni )

---

**ထာဝရနီကိုးရာ** ( B.L )

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ထာဝရ ဘုရား ရှင်ဟာ ကျွန်တော်/ကျွန်မတို့ အယောက်စီတိုင်းရဲ့ အခက်အခဲ၊ ပြဿနာ၊ ဝမ်းနည်းမှု တွေထဲမှ ရွေးနှုတ်ကယ်တင်ခဲ့ပါတယ်။ ကျွန်မဟာ စင်္ကာပူကို ၂၀၀၇ ခုနှစ်၊ မေလ(၁၉)ရက်၊ စနေနေ့မှာ ရောက်ရှိခဲ့ပါတယ်။ မရောက်ခင် အချိန်တုံးကဆို ကျွန်မ ဆုတောင်းလိုက်ရတာ အဆင်ပြေစွာနဲ့ ရောက်လာပြီးတော့ ကျွန်မ အလုပ်ရှင် သည်လည်း သဘောကောင်းသောသူ၊ မိသားစု နည်းသောသူ ဖြစ်ပါစေလို့ ဆုတောင်းတိုင်း အမြဲတမ်းပါတယ်။ ဆုတောင်းတိုင်းလည်း ပြည့်ခဲ့ပါတယ်။ ဒါပေ မယ့် စင်္ကာပူကိုရောက်ပြီး (၂)ရက် (၃)ရက်လောက်နေတော့ အလုပ် ဝင်ရတယ်။ အိမ်ရှင် အိမ်ကို စရောက်တဲ့အချိန်မှာ အရမ်းဝမ်းနည်းပြီး ကိုယ့်မြန်မာပြည်ကို သတိရတာ တအားဘဲ၊ ဒါနဲ့ဘုရားမှာ ဆုတောင်းတယ်၊ ငြိမ်သက်ခြင်းကို ပေးသနား တော်မူပါလို့၊ ဒါနဲ့ အဲဒီအိမ်မှာ(၂)လ ကျော်လောက် နေပြီးတော့ အိမ်ရှင် သမီးလေးနဲ့ သိပ်ပြီး ကီး မကိုက်တော့ဘူး၊ အိမ်ရှင်မ သူ့အဖိုး အားလုံးဟာ သဘောကောင်းကြ တယ်။ ဒါပေမယ့် ကောင်မလေးက အရမ်းဆိုးတယ်။ ကျွန်မကို သဘောမကျဘူး ဆိုပြီး သူ့ အမေကိုပြောပြီး Day Off ရတဲ့နေ့မှာ ပွဲစားအိမ် ပြန်ပို့တယ်။ ဒါတွေကို ကျွန်မ ဘာမှ မသိဘူး၊ ကျွန်မ အိတ်တွေလဲ သူ့အိမ်မှာဘဲ ကျန်နေခဲ့တယ်။ နောက်မှ လူသစ် ထပ်ရှာမှ ကျွန်မကို သဘောမကျဘူးဆိုတာ သိလိုက်ရတယ်။ ဒါနဲ့ကျွန်မလဲ စိတ်ဓါတ်တော့ နည်းနည်းကျသွားတယ်။ စိတ်ဓါတ်ကျပြီး အရမ်း မှိုင်တွေနေတော့ ပွဲစားက စိတ်ဓါတ်မကျနဲ့ ဒီထက် အေးဆေးတဲ့အိမ် ရှာပေးမယ်။ စိတ်ပျော်ပျော်ထား ဆိုပြီး ကျွန်မကို နှစ်သိမ့်ခဲ့တယ်။ ဘုရားဆီမှာ ထပ်ဆုတောင်းခဲ့တယ်။ အကောင်းဆုံးအိမ် ဖြစ်ပြီးတော့ လူနည်းနည်းနဲ့ ဇီဇာ မကြောင်တဲ့ အိမ်မျိုးကို ချပေး တော်မူပါ။

နောက်တစ်အိမ် ထပ်ရတယ်။ တကယ်လဲ လူနည်းတယ်။ အေးအေး ဆေး ဆေးဘဲနေတယ်။ ဒါပေမယ့် အရမ်းဇီဇာကြောင်တယ်။ အရမ်းကို စည်းကမ်းရှိတဲ့ ကုလားအိမ် ဖြစ်နေတယ်။ ကျွန်မရှေ့က သုံးယောက်ဆို တစ်ပတ်၊ နှစ်ပတ်နဲ့ နေပြီး လူ လဲပစ်လိုက်ရတယ်။ ကျွန်မ အလှည့်ကျတော့ (၆)လကျော် (၇)လထဲ ဝင်ပါမှ ကျွန်မကို မြန်မာပြည် ပြန်ပို့ခံခဲ့ရတယ်။ မြန်မာ ပြည်ပြန်တာတောင် ကိုယ့်ငွေနဲ့ကိုယ် ပြန်ခဲ့ရတယ်။ ဒီ(၆)လကျော် (၇)လထဲဝင်တဲ့အထိ Day off ဆိုတာ ကျွန်မကို မပေးဘဲနဲ့ အိမ်ထဲမှာဘဲ အဆူအပူဒဏ် ခံပြီးတော့ အစားအသောက်ကအစ ဆင်းရဲပြီး နေခဲ့ရတယ်။ ကျွန်မ သက်သေခံချင်တာက ဒီ(၆)လကျော် (၇)လအတွင်းမှာ ကျွန်မ ဘုရားဆီမှာ ဆုတောင်းလိုက်တယ်။ ထာဝရ ဘုရား။ သမီး၏ ဆုတောင်းသံကို နားညောင်း တော်မူပါ။ သမီးရဲ့စိတ်တွေ အရမ်းကျဉ်းကြပ်ပြီး စိတ်ဓါတ် တွေအရမ်း ကျခဲ့ရပါပြီ။ ကျွန်မ ဒီအတောအတွင်းမှာ သူတို့ခရီးထွက်ပြီး ကျွန်မကို ပွဲစားအိမ်မှာ ပြန်ထားအောင် ကိုယ်တော်ဘုရား လမ်းဖွင့်ပေးတော်မူပါဆိုပြီး ဆုတောင်းခဲ့ပါတယ်။ ၁၆–၁၂–၂၀၀၇၊ တနင်္ဂနွေညနေမှာ ကျွန်မကို ငါတို့ ခရီးထွက်မလို့ နင် ပွဲစားအိမ်မှာ ပြန်နေထားအုံးတဲ့။ ကျွန်မ အတိုင်းမသိ ဝမ်းသာခဲ့ရတယ်။ အော် ငါဘုရားသခင်ဆီမှာ တောင်းထားတာဘဲ၊ ငါတောင်းတဲ့အတိုင်း ဘုရားက ငါ့ကိုပေးတယ်။ ဒါနဲ့ ကျွန်မ လည်း သူတို့လိုက်ပို့တဲ့ ကားပေါ်မှာဘဲ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါ

**ကျွန်မသည် ဆေးခန်းရောက်သောအခါ ဆရာဝန်အရှေ့မှာသာ ထိုင်ပေ မယ့် စိတ်ထဲတွင် ဘုရားရှင် ကုသ ပေးနေတယ်လို့ ယုံကြည်မိပါသည်။ ဆရာဝန် ရေးပေးသည့် ဆေးများ၊ ထိုးခိုင်းသည့် ဆေးများ ဘုရားသခင် ခိုင်းသည့်အတိုင်း ဆရာဝန် လုပ်နေခြင်းဖြစ်သည်ဟု ကျွန်မ တထစ်ချယုံကြည်၍ ကုသမှုခံခဲ့ပါသည်။**

တယ်။ ဒီလိုနေရင်းနဲ့ မမျှော်လင့်ဘဲ ဘာမဟုတ်တဲ့ ပြဿနာလေးတစ်ခုနဲ့ မြန်မာပြည် ပြန်ပို့ခံ လိုက်ရတယ်။ ဘာပြဿနာလဲဆိုရင် ပန်းကန်ဆေးတဲ့ ပြဿနာပါဘဲ၊ ဇီဇာ ကြောင်တာက ရေဝတ်ဖတ် ကို ဒီဟာက ဘာကိုဆေးရမယ်။ ဟိုဟာက ဘာကို ဆေးရ မယ်နဲ့ပေါ့။ ဒါနဲ့ ကျွန်မ ဆေးတာ တချက်မှားသွားတာနဲ့ အပို့ခံလိုက်ရတယ်။ ဒါပေမယ့် လုံးဝ နောင်တ မရဘူး။ ဝမ်းမနည်းဘူး။ ဘုရားငါ့ကို အကောင်းဆုံး ပြုလုပ် ပေးမှာပါလို့ လုံးဝ စိတ်ထဲမှာရှိခဲ့တယ်။ ဘုရားကိုလည်း လုံးဝ ဆက်ကပ် ထားတယ်။ ဒါနဲ့ မြန်မာပြည်မှာ (၁)ပတ်လောက်နေပြီး စင်္ကာပူကို ၂၁-၁-၂၀၀၈ ရက်နေ့ ပြန်ရောက်ခဲ့တယ်။ ယခုအိမ်က တရုတ်အိမ် အဓိက ထမင်းဟင်းချက်ပါဘဲ။ အစား အသောက် အရမ်းဂျီးများတယ်။ အကောင်းဆုံးဖြစ်အောင်တော့ လုပ်ပေးပါ တယ်။ ဘုရားဆီမှာ အပ်နှံထားတယ်။ ဒုတိယ သက်သေခံချက် အနေနဲ့ ဒီ တရုတ် အိမ်ကို ရောက်ပြီး (၁)လကျော်တဲ့အချိန်မှာ ကျွန်မ တစ်ကိုယ်လုံး ယားယံမှုတွေ ဖြစ်လာခဲ့ရတယ်။ မျက်နှာတွေဆို ယောင်လာပြီး လက်တွေ၊ ခြေထောက်တွေဆို လက်ပူလိုက်ပြီး ဒဏ်ရာတွေ အများကြီးဘဲ၊ ဒါနဲ့ တစ်ညတစ်ည ကျွန်မ ယားတာနဲ့ဘဲ အိပ်လို့မရခဲ့ဘူး၊ အိပ်ပျော်သွားတဲ့အချိန်ကျတော့ မနက် ထ ရတဲ့အချိန် ဖြစ်နေတယ်။ ဒါနဲ့ ကျွန်မ မတတ်နိုင်တော့ဘူး၊ ဘုရားဆီမှာ ဆုတောင်းလိုက်တယ်။ ဘုရားသခင် သမီး၏ ရောဂါဝေဒနာကို ပျောက်ကင်းအောင် ကိုယ်တော်၏အစွမ်းနဲ့ ကုပေးပါ။ ဒီလို ယားယံမှုမျိုးကို ပျောက်ကင်းအောင် ကိုယ်တော် မစတော်မူပါ။ တကယ်လို့ ဒီယားယံမှုတွေ ပျောက်ခဲ့မယ်ဆိုရင် ကိုယ်တော်ဟာ ဘယ်လောက် ကြီးမြတ်တော် မူတယ်ဆိုတာ သက်သေခံမယ်လို့ ကျွန်မ ဆုတောင်းလိုက်တယ်။ တကယ်လဲ ဘုရားက ကျွန်မရဲ့ ခံစားရတဲ့ ဝေဒနာကို ပျောက်ကင်းစေခဲ့ပါတယ်။ ချက်ချင်း ဆို သလိုမျိုးဘဲ ယားယံမှုပျောက်ကင်းသွားပြီး ယနေ့အချိန် အထိ မခံစားရတော့ပါဘူး။ ကျွန်မ ရေးပြချင်တာက ထာဝရဘုရားသခင်ဟာ ဘယ်လောက်တောင် ကြီးမြတ် တော်မူလဲဆိုရင် ကျွန်မ တောင်းသမျှ အရာရာတိုင်းကိုပေးခဲ့ပါတယ်။ ထို့ကြောင့် ဘုရား သခင်ဟာ သားသမီးတစ်ယောက်ဆီ တိုင်းရဲ့ တောင်းလျှောက်သံကို နားညောင်း၍ နေပါတယ်။ ကျမ်းစာတပိုဒ်ကို ဖတ်ရတဲ့အချိန်မှာ ခွန်အားတွေ ရခဲ့ရ တယ်။ (ယော ၁၆း၂၄) ကျမ်းပိုဒ်ကို ဖတ်ရတဲ့အချိန်မှာ ဘုရားဆီမှာ ကျွန်မ တောင်းတယ်၊ တောင်းသမျှလဲ ပေးခဲ့ပါတယ်။ ဒါကြောင့် ဘုရား မတတ်နိုင်တာ မရှိ ပါဘူး။ ဘုရားသခင်ဟာ ကျွန်မအတွက် အသေးအဖွဲလေးတွေကအစ ကျွန်မ တောင်းရင် တောင်းသလို ရခဲ့ပါတယ်။ ကျွန်မရဲ့ အမြဲရွတ်နေကျ ကျမ်းပိုဒ်ကတော့ ဆာလံ၂၃ ပါဘဲ။ ကျွန်မဟာ တစ်ခါမှ သက်သေမခံဘူးပါဘူး၊ ဒီဟာက ပထမ ဆုံးအကြိမ်ပါဘဲ၊ ဒါကြောင့် ဘုရားသခင်ဟာ ကျွန်မရဲ့ထာဝရခိုကိုးရာ ဖြစ်ပါတယ်။ ကျွန်မဘဝမှာ ဘုရားမှလွဲ၍ အခြား ကိုးကွယ်ရာမရှိပါ။ ညီကိုမောင်နှမတွေလဲ အသက်ရှင်တဲ့ ဘုရားသခင်ဆီမှာ တောင်းပါ။ တောင်းသမျှကို ပေးနေပါတယ်။ အရာခပ်သိမ်းကို တတ်နိုင်တဲ့ဘုရားဖြစ်ကြောင်း အနည်းငယ် သက်သေကို ဝေငှလိုက်ပါတယ်။ အာမင်။ ။ **B.L** (ခေတ္တ S'pore)

---

## သက်သေခံချက် KTM

ရှေးဦးစွာ အသက်ရှင်တော်မူသော ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်သုံးပါးတဆူ ဘုရားရဲ့ဘုန်းတော်၊ ဂုဏ်တော်၊ နာမတော်ကို ချီးမွမ်းပါ၏။ ကျွန်မသည် ကျန်းမာရေး သိပ်မကောင်းပါ။ ဆရာဝန်နဲ့ ပြသ၍ ဆေးကုသမှု ခံယူနေရသူ ဖြစ်ပါသည်။ သို့သော်လည်း ထိရောက်မှု မရှိလှပါ။ တစ်နေ့ ကျွန်မတွင် ကိုလက်စထရော များလွန်း၍ ကိုယ်ခန္ဓာအတွင်း သွေး ကြောမှ သွေးများ ကောင်းကောင်း မစီးဆင်းနိုင်ဘဲ တကိုယ်လုံးမှာ တင်း နေသလို ခံစားရပြီး ခြေဖဝါးနှစ်ဖက်မှာ ကိုက်ခဲလွန်း၍ အိပ်လို့လဲမရ၊ လမ်းလျှောက်လျှင်လည်း အရမ်းနာပြီး လမ်းပင်ကောင်းကောင်း မလျှောက်နိုင်တော့ပါ။ ဆရာဝန်ကိုပြန်၍ ပြရန် အချိန်တန် လာပါပြီ။ ကျွန်မ ဒီဆရာဝန်အပေါ်မှာလဲ သိပ်အားမရ ဖြစ်နေပါတယ်။ ဆေးခန်းကိုလည်း ရက်ချိန်းပြန်ရောက်၍ လာမည်ဖြစ်ကြောင်း ပြောထားပြီး ဖြစ်နေပါ ပြီ။ ဒါနဲ့ကျွန်မ ဆုတောင်းပါတယ်။ "ဘုရားသခင် သမီးအခု ဆရာဝန်နဲ့ ပြန်ပြတဲ့ အခါ ကိုယ်တော်ရှင်သာ ကုပေးပါ။ ဆရာဝန်ကြောင့် ရောဂါ ပျောက်ခြင်း မဟုတ်ဘဲ ကိုယ်တော်ရှင် ကုသပေးလို့သာ ပျောက်ကင်းတာဖြစ်ကြောင်း ဝန်ခံပါတယ်"လို့ ဆု တောင်းပါတယ်။ ဆုတောင်းစဉ်တုန်းမှာလည်း ကျွန်မ၏ အာရုံထဲတွင် ဆရာဝန် ထိုင်သည့် ထိုင်ခုံတွင် ခရစ်တော် ဘုရားကို ကွင်းကွင်းကွက်ကွက် မြင်ရပါသည်။ အဲဒီနောက် ကျွန်မ ဆေးခန်းသို့သွားပါသည်။ နဂိုကတည်းကလည်း ကျွန်မ Weight ကများပါတယ်။ ကျွန်မကိုယ် အလေးချိန်ကျဖို့ ဆုတောင်းခဲ့ရတာလည်း နှစ်ပေါင်း မနည်းတော့ပါ။ ထိုင်ရ၊ ထရ၊ သွားလာရတာ မကောင်းသလို အဝတ်အစား ဝတ်လျှင်လည်း အနှောင့်အယှက် အခက်အခဲ ဖြစ်ရပါသည်။ ယခင်က ကျွန်မသည် 83 Kg ရှိပါသည်။

ကျွန်မသည် ဆေးခန်းရောက်သောအခါ ဆရာဝန်အရှေ့မှာသာ ထိုင်ပေ မယ့် စိတ်ထဲတွင် ဘုရားရှင် ကုသ ပေးနေတယ်လို့ ယုံကြည်မိပါသည်။ ဆရာဝန် ရေးပေးသည့် ဆေးများ၊ ထိုးခိုင်းသည့် ဆေးများ ဘုရားသခင် ခိုင်းသည့်အတိုင်း ဆရာဝန် လုပ်နေခြင်းဖြစ်သည်ဟု ကျွန်မ တထစ်ချယုံကြည်၍ ကုသမှုခံခဲ့ပါသည်။ ကျေးဇူးတော်၊ ဘုန်းတော်၊ နာမတော်ကိုချီးမွမ်းပါ၏။ ကျွန်မ နေကောင်းသွားပါပြီ။ လမ်းလည်း ကောင်းကောင်း လျှောက်နိုင်သွားပါပြီး။ ကျွန်မရဲ့ Body Weight မှာ လည်း တလအတွင်း 8Kg ကျသွားပါတယ်။ ဒါကြောင့် ဘာမဆို ဘုရားသခင် မတတ်နိုင်တာ မရှိပါ။ တကယ့်ကို ဘုရားသခင်ကို ယုံကြည်ခြင်းအပြည့်နဲ့ အားကိုး ခိုလှုံရင် ဘုရားသခင်သည် ဆုချပေးကြောင်း သက်သေခံလိုပါသည်။ ကျေးဇူးတော်ကိုအစဉ်ချီးမွမ်းလျှက် **KTM**

---

## မြင့်မြတ်ကမ္ဘာလေးထဲကကျွန်တော် (ဌ)

တခါတုန်းက S$ ၁၀၀၀တန်၊ S$ ၅၀တန်နဲ့ S$ ၁တန် အကြွေစေ့လေးတို့ ညီအစ်ကိုတွေ စကားပြောနေကြတုန်း ဗြုန်းဆို အစ်ကိုကြီး ၁၀၀၀တန်က "ဟေ့ ဒို့ညီအစ်ကိုတွေထဲမှာ ငါက အကြီးဆုံး၊ ငါ့ကို တော်ရုံ လူတွေကိုင်ဖို့ မပြောနဲ့ မြင်တောင် မမြင်ဖူးကြဘူး၊ ငါ့ကို သူဌေးတွေ၊ တကယ့်စီးပွားရေးသမားတွေပဲ ကိုင် နိုင်တာ၊ နိမ့်ကျတဲ့ နေရာကို ငါ မရောက်ဖူးဘူး၊ ဒီတော့ မင်းတို့ အထဲမှာ ငါက အမြင့်မြတ် ဆုံးပဲကွ ဟဲဟဲ"လို့ပြောလိုက်ပါတယ်။

ဒီအခါ အစ်ကိုလတ် ၅၀တန်က "အစ်ကိုကြီးကလဲ မနောက်ပါနဲ့ အစ်ကို ကြီးက သူဌေးတွေကြားထဲမှာ ပဲနေရတာ၊ ကျွန်တော်ဆိုရင် သူဌေးကြား ထဲလည်း ရောက်တာဘဲ၊ စီးပွားရေးသမား၊ ဈေးသည်၊ လောင်းကစားသမား၊ စားသောက်ဆိုင်၊ ဆင်းရဲသား၊အို- ကျွန်တော် မရောက်ဘူးတဲ့နေရာ မရှိဘူး ဒီလို နေရာတကာ၊ လူတကာ၊ သူဌေးဆင်းရဲသား မရွေး ကိုင်နိုင်တဲ့ ကျွန်တော်က အမြင့်မြတ်ဆုံးပါဗျ"လို့ အားကျမခံ ပြန်ပြောလိုက်တယ်။

တစ်ချိန်လုံး တိတ်နေတဲ့ ညီငယ် အကြွေစေ့ကလည်း "အစ်ကိုတို့ကို ကျွန်တော် တစ်ခုမေးမယ်၊ လောကကြီးမှာဘယ်အရာက အမြင့်မြတ်ဆုံးလဲ"ဟု မေးခွန်း ထုတ်ရာ၊ အစ်ကို(၂)ဦးက "ဘုရားပေါ့ကွ ညီငယ်ရ" အကြွေစေ့လေးက "ဒါဆို ရင်တော့ အစ်ကိုတို့အထဲမှာ ကျွန်တော်က အငယ်ဆုံး၊ ဒါပေမယ့် ကျွန်တော်က အမြင့်မြတ်ဆုံးပဲ၊ ဘာလို့လဲ ဆိုတော့ ကျွန်တော်ကအစ်ကိုတို့ ပြောတဲ့ နေရာတွေကို သိပ် မရောက်ဖူးဘူး၊ ကျွန်တော်အမြဲရောက်နေတာ ဘုရားကျောင်းပဲ၊ ကျွန်တော့်ကို လူတွေက အမြဲတမ်း ဘုရားကျောင်းက အလှူငွေ အိတ်ထဲကို ပို့နေကျပဲ၊ တခါတလေ အပြင်လောကကို ရောက်သွားလဲ သိပ်မကြာပါဘူး၊ တစ်ယောက်ယောက်က အလှူငွေအိတ်ထဲကို ပြန်ပို့ပေးတယ်။ ကျွန်တော်လည်း အမြဲတမ်း ဘုရားကျောင်း အလှူငွေ အိတ်ထဲကို အသံစုံ မြည်ပြီး ခုန်ဆင်းနေကျလေ၊ ဒီတော့ အမြတ်ဆုံးဖြစ်တဲ့ ဘုရားကျောင်းမှာ နေရတဲ့ ကျွန်တော် တစ်ကျပ်တန် အကြွေစေ့လေးကသာ အမြင့်မြတ်ဆုံးပါပဲ အစ်ကိုတို့ရယ်"ဟု အားရပါးရပြုံးလျှက် ပြန်ပြောလိုက်ရာ အစ်ကို ကြီး နှစ်ယောက်မှာ ပါးစပ် အဟောင်းသားနှင့် အံ့ဩနေလေတော့သည်။ ။

---

## သေသည့်တိုင်အောင်သစ္စာစောင့်လော့ **Mary** ဖျာပုံ

ဗျာဒိတ်၊ ၂း၁၀။ ဤကျမ်းစကားသည် တမန်တော်ကြီး ရှင်ယောဟန်က ဘုရားသခင် ပေးခဲ့သော ရူပါရုံကို စမုရန အသင်းတော်အား ပြောခဲ့သော စကား ဖြစ်သလို ယနေ့ အသင်းတော်များနဲ့ ယုံကြည်သူ ခရစ်ယာန်များကို ပြောနေသောစကား ဖြစ်တယ်လို့ ကျမ်း ပညာရှင်တချို့က ဖော်ပြခဲ့ပါတယ်။ ယနေ့ယုံကြည်သူများသည် မိမိကိုး ကွယ်တဲ့ ဘုရားအပေါ်သို့၄င်း၊ မိမိအသင်းတော်ပေါ်သို့၄င်း၊ ယုံကြည်သူ အချင်းချင်း အပေါ်သို့ ၄င်း၊ မိမိအိမ်ထောင်မိသားစု အပေါ်သို့၄င်း အဆုံးတိုင်အောင် တည်ကြည် ရန် ခက်ခဲသောအချိန် ဖြစ်နေခြင်းကြောင့် နိဒါန်း အနေဖြင့် ဖော်ပြလိုပါတယ်။

**၁။ မတည်မြဲခြင်းသဘောတရား**

- လူ့ဘဝအသက်တာမှာ သေခြင်း အမျိုးမျိုးရှိသည် (ဆိုး၊ ကောင်း) ။
- အချို့သောသူများက ဝမ်းရေးအတွက် ရှန်းကန်ရင်း ဘုရားရှင်အပေါ်မှာ စောင့်ထိန်းရမည့် ဝတ္တရားများ ပျက်ကွက်နေကြသည်။
- အထူးသဖြင့် ယုံကြည်သူ ခရစ်ယာန်များ သတိပြုရန်လိုအပ်သည်။
- ဒေသနာ ၁း၂ တွင် လောကအရာ ရှိသမျှတို့သည် အနတ္တသာ ဖြစ်ကြောင်း ဒေသနာ ဆရာကဖော်ပြခဲ့ပါတယ်။
- လူမသေခင် ဥစ္စာပစ္စည်း ကုန်တတ်၏။ ဘုရားနှင့်ဆိုင်သော အရာတို့သည် နိစ္စထာဝရ တည်မြဲ၍ ၄င်းတို့ကိုသာ စိတ်စွဲလမ်း သင့်ကြောင်း ဒေသနာ ဆရာက ဖော်ပြခဲ့ပါတယ်။

**လမ်းဆုံးကျောက်ပေါ်မှာ ကျတဲ့ မျိုးစေ့တွေဟာ ဘယ်လိုလုပ်ပြီးရှင်သန် ကြီးထွားနိုင်မှာလဲ၊ ယနေ့ခေတ်ကြီးမှာ စိုးရိမ် ခြင်းဆူး၊ သာယာခြင်း ဆူး၊ ကြမ်းတမ်းခြင်းလမ်းတွေပေါ်မှာ ခက်ခဲလှတဲ့ အခြေအနေ တွေနဲ့ကြုံတွေ့နေရပြီး သမ္မာကျမ်းစာထဲမှာ ဖော်ပြတဲ့ လောတရဲ့ မယား အကြောင်းက အထင်အရှားဘဲဖြစ်ပါတယ်။**

ဥပမာ– ၂၊ ၃ မေလ၂၀၀၈ မြန်မာပြည် ဆိုင်ကလုံးကျပြီး သုံးပါတ်အကြာမှာ မိသားစု ထံမှ ရောက်လာသောစာအရ အစ်မဝမ်းကွဲထံမှ "မုန်တိုင်းဒဏ်၊ ပင်လယ် ရေကာတာ ကျိုးလို့ ရေလျံတဲ့ဒဏ်၊ မိုးဒဏ်ခံရလို့ မိသားစုအားလုံးထဲက တစ်စုသာမသေ မပျောက်ဖြစ်ပြီး မိသားစုတွေ ပြန်လည် မြင်တွေ့ရတာ ကျေးဇူးတော်သက်သက်ပါဘဲ။ တရွာလုံးလည်း အိမ် အရှေ့အနောက် အလုံး၂၀ လောက်ဘဲကျန်တယ်။ သစ်ပင်တွေ၊ အုန်းပင်တွေ၊ ဓနိပင်တွေ အကုန် မရှိတော့ဘူး၊ ကိုယ့်မိသားစုထဲကဆို ဆရာမ ဖေါထူး သားအမိ သုံးယောက်၊ အယ်မူး သားအမိ သုံးယောက်မုန်တိုင်း ဒဏ်ကြောင့် အသက်ဆုံး သွား ကြတယ်လို့ ရေးပါတယ်။

ကျွန်မရဲ့ မိခင်ကတော့ အိမ်လဲပြို၊ စိတ်လည်းပြို၊ တိရိစ္ဆာန်တွေလဲ အကုန် ဆုံးရှုံးကုန်ပြီ၊ စားစရာတော့ ဘာမှမကျန်တော့ဘူး၊ ဒါပေမယ့် ကျေးဇူးတော်ကြောင့် စားနေရတယ်။ ချစ်သောမိတ်ဆွေတို့ ဒီဖြစ်ရပ်မှန်လေးအားဖြင့် ဆင်ခြင်သုံးသပ် ခွန်အားယူပါ။ လှေထဲမှာ ရေပြည့်နေလျှင် နစ်သွားမည့်အလား ကျွန်မ တို့ယုံကြည်သူ အသက်တာ၌ ထိုကဲ့သို့ဖြစ်နေမယ်ဆိုရင်ဖြင့်––

**၂။ သစ္စာစောင့်ခြင်း**

အဆုံးတိုင်အောင် ခက်ခဲလှပါတယ်။ မာကု ၄း၁၃–၂၀ တွင် ခရစ်တော် ပေးခဲ့သော ဥပမာတွင် ထင်ရှားစွာ တွေ့မြင်နေပါတယ်။ လမ်းဆူးကျောက်ပေါ်မှာ ကျတဲ့ မျိုးစေ့တွေဟာ ဘယ်လိုလုပ်ပြီးရှင်သန် ကြီးထွားနိုင်မှာလဲ၊ ယနေ့ခေတ်ကြီးမှာ စိုးရိမ် ခြင်းဆူး၊ သာယာခြင်း ဆူး၊ ကြမ်းတမ်းခြင်းလမ်းတွေပေါ်မှာ ခက်ခဲလှတဲ့ အခြေအနေ တွေနဲ့ကြုံတွေ့နေရပြီး သမ္မာကျမ်းစာထဲမှာ ဖော်ပြတဲ့ လောတရဲ့ မယား အကြောင်းက အထင်အရှားဘဲဖြစ်ပါတယ်။ ဘယ်လောက် သင်ခန်းစာ ယူစရာ ကောင်းသလဲဆိုရင် ကမ္ဘာဦးကျမ်း ၁၉း၁၀–၂၆ ကိုလေ့လာကြပါစို့၊ ယေရမိ ၆း၁၄ ချမ်းသာ မဟုတ်သည်ကို ချမ်းသာ ဟုထင်ကြပြီး။ လုကာ ၉း၆၂ အရ ထွန်ကိုင်းကို ကိုင်၍ နောက်သို့ လှည့်ကြည့်လျှင် ဘုရားသခင်၏ နိုင်ငံတော်နှင့် မထိုက်တန်ဟု ခရစ်တော်က မိန့်တော် မူခဲ့ကြောင်း ဖော်ပြလိုပါတယ်။

**၃။ ဘုရားသခင်နှစ်သက်သောအသက်ရှင်ခြင်း**

- လူအချို့ အသက်ရှင်ခြင်းဟာ ဂျင် နဲ့တူနေပါတယ်။ မွှတ်အောင်လည် ပတ်နေပေမဲ့တစ်နေရာတည်းမှာဘဲလည်ပြီးနေရာကျယ်ကျယ်မသွားနိုင်ပါ။
- ယုံကြည်သူတချို့က မျဉ်းပြိုင်နဲ့ တူနေပါတယ်။
- ၁ ယော ၃း၁၇ တွင်မိမိ၌ ရှိလျက်နှင့်ပင် မိမိညီအကို ဆင်းရဲခြင်းကို လစ်လျူရှု နေမည်ဆိုလျှင် ထိုသူ အပေါ် ဘုရားသခင်ရဲ့ မေတ္တာ အဘယ်သို့ ရှိနေမယ်ဆိုတာ ယုံကြည်သူတို့ အသက်တာမှာ စဉ်းစား ဆင်ခြင်ဘို့ လိုအပ်ပါတယ်။

ဥပမာအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်ပေမဲ့ ရွာသူရွာသားတွေ ကျေးဇူး များစွာခံစားရတယ်လို့ အစ်မက စာရေးလိုက်ပါတယ်။

ရွာကို နှစ်ခြင်းဌာနချုပ်ကလာပြီး ခါတ်ပုံရိုက်၊ ဗွီဒီယိုရိုက်၊ အစာ၊ အဝတ် အထည်၊ ဆေးဝါး၊ ရေသန့် အစုံဘဲ လာကူပါတယ်။ အခြားပုဂ္ဂိုလ်ရေးအရလဲ ကူညီမှုတွေ တဖွဲဖွဲ ရောက်လာပါတယ်။ အံ့ဩစရာကောင်းတယ်။ ခြင်ထောင်၊ စောင်၊ မုန့်၊ အသုတ်၊ မာမီးခေါက်ဆွဲ၊ ရေသန့်ဘူး၊ အသုံးအဆောင်မျိုးစုံ လာကူတယ်။ အလှူရှင်တွေ ကိုယ်ပိုင်ကားကို ဖျာပုံမှာ ထားခဲ့ပြီး ပဲ့ထောင်နဲ့ လာတယ်။ သဘာဝ ဘေး အန္တရာယ် မုန်တိုင်းခံရပေမဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော် ပြုတဲ့အမှု အင်မတန် အံ့ဩ စရာဘဲ။

ငါတို့ လေးအိမ်တန်းက လူတွေ အရင်ကထက်ပိုပြီး ကြွယ်ဝပြည့်စုံ ကောင်းကြီး ခံစားရတယ်။ အသင်းတော် အဆောက်အဦးအချို့ ခေါင်မိုး တာလ ပတ်နဲ့ ပြန်မိုးတယ်၊ ဘုရားကျောင်းခေါင်မိုး နဲနဲပွင့်တာလဲ ဒီလကုန် အလှူရှင် တစ်ဦး က ပြင်ဘို့ လိုအပ်တဲ့ငွေပေးမယ်။ တွံတေးအဖွဲ့ကလည်း သင်္ဘောကြီးနဲ့ သောက်ရေ သန့် လာဝေတယ်၊ မန္တလေးကအလှူရှင် တွေကလည်းဆန်၊ ပဲဆီသန့် အစိတ်သား ပုလင်း၊ အဝတ်အသုံးအဆောင်အချို့ တရွာလုံးဝေတယ်။

ငါတို့ ဒီလိုအချိန်အခါအခြေအနေမှာ ဧဝံဂေလိသတင်းစကား ပြောဘို့ အခွင့်အရေးဘဲ။ အားလုံးသူ့ နေရာနဲ့သူ ကြိုးစားလုပ်ဆောင်ကြတယ်။ အခုရွာမှာ ကလေး (၈၀)လောက်ကို ဝိညာဉ်မျိုးစေ့ချပေးရတယ်။ ကလေးတွေအတွက် သင်တန်း အထောက် အကူပြုစာအုပ်၊ ရုပ်ပုံ၊ တိတ်ခွေ၊ မုန်တိုင်းရေထဲ ပါသွားပြီးပြန်လည် ထူထောင်ဘို့ လိုအပ်ချက်တွေအတွက် ကူညီပါအုံး။ ဇွန်လ၊ ဒုတိယပတ် ကလေး များနေ့ အစီအစဉ်တွေလုပ်ပေးမယ်၊ ဆုတောင်းခြင်းနဲ့ သတိရပါလို့ရေးထားပါတယ်။

ချစ်သော မိတ်ဆွေ–ဒီလိုမျိုး ဒုက္ခနဲ့ ရင်ဆိုင်ကြုံတွေ့ရရင် ဘယ်လို ဖြေရှင်း မလဲလို့စဉ်းစားမိပါသလား။

ဟေဗြဲ ၁၀း၂၀ တွင်ဖော်ပြထားသည့်အတိုင်း ထိုသခင် ခရစ်တော် ပြင်ဆင် တော်မူသော အသက်တာ လမ်းသစ်၌ အသက်ရှင်ရမည်ဖြစ်ပြီး ခရစ်တော်ဘုရား၌ အစဉ် မှီဝဲ ဆည်းကပ်နေဘို့လိုအပ်ကြောင်း ဖော်ပြအပ်ပါတယ်။ မဿဲ ၆း၃၃ အားဖြင့်၄င်း ထာဝရဘုရား၌ သေသည့်တိုင်အောင် သစ္စာစောင့်ဘို့ လိုအပ်ကြောင်း အနည်းငယ် ဝေငှချင်ပါတယ်။ ကျွန်မတို့တွေ သစ္စာစောင့်နိုင်ဘို့ ပြည့်ဝတဲ့ ဝိညာဉ်အစာ ဖြစ်တဲ့ သမ္မာကျမ်းစာကို စားသုံးပြီး ဆုတောင်းခြင်းနဲ့ အခက်အခဲ အားလုံးကို ဘုရားရှင်ပေးသော ဉာဏ်သွယ်နှင့် တိုက်ထုတ် ကြပါလို့ တိုက်တွန်း အားပေး လိုက်ပါတယ်။

ဆိုင်ကလုံးဒဏ် ခံရသော်လည်း အသက်ဆက် လက်ရှင် နေခွင့်ပေးနေ သော သူများအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းလျက်။ ။ **Mary** (ဖျာပုံ)

---

## ဓမ္မစာနှင့်ဓမ္မကဗျာ SAMUEL SOE LWIN (ကလေးမြို့ချင်းပြည်နယ်)

(ယေရမိ ၁၈း၁–၂) ထိုနှုတ်ကပါတ်တရားတော်မြတ်ကို ရောက်လေတိုင်း မကြာမကြာ သတိပြုဆင်ခြင်ကာ ခွန်အားယူ တတ်နေသည့် အကြောင်းကား ကျွန်ုပ်နှင့် ဘုရားရှင်ကြားမှာ ရှိသည့် အပြန်အလှန် မိဿဟာယမှုများပင် ဖြစ်ပါ တယ်။ ကလေးဘဝအရွယ်က သင်အံခဲ့ဖူးတဲ့ ကဗျာလင်္ကာ ဆုံးမစာ ကလေးဟာ ယခု အချိန်ထိ အလွတ်ရနေဆဲပင်၊ ဘုရားရှင်နှင့်ကျွန်ုပ် အကြားမှာ မိဿဟာယကိုသာ၍ သာ၍ ခိုင်ခံ့စေပါတယ်။ အဲဒီကဗျာလေးက–

"အိုးလုပ်သူဟာ အိုးကို ရိုက်လည်း ၊ ခွဲဖို့ ရိုက်ခြင်း မဟုတ်ပါ။
တပည့်မိုက်ကို ဆရာ ရိုက်လည်း ၊ မုန်းလို့ ရိုက်ခြင်း မဟုတ်ပါ။
လိမ္မာစေလို့ ရိုက်တာများကို ၊ ခွင့်လွှတ်စိတ်ထားမွေးကြပါ"

ဆိုတဲ့ ကဗျာတိုလေးပါဘဲ၊ သုတ္တံ ၃း၁၂ နှင့် ဟေဗြဲ ၁၂း၆–၁၁ တို့တွင် လည်း ဘုရားသခင်က သားအဖကြားရှိသည့် မေတ္တာစစ်ကို အပြန်အလှန်ဖော်ပြခဲ့ပြီး သူ ချစ်သော သူကို ဆုံးမ တတ်ကြောင်း ဆိုထားပါသည်။ နောက်ပြီး ယေရမိ ၂၉း၁၁ နှင့်ရောမ ၈း၂၈ ကိုကြည့်ခြင်းအားဖြင့် ဘုရားရှင် သည် လူသားမိဘများကဲ့သို့ မဟုတ်ဘဲ စုံလင်သော အကြံအစည်၊ စုံလင်သော ကောင်းကျိုးများအားဖြင့် ကျွန်ုပ် တို့အတွက်သာ လုပ်ဆောင်ကြောင်း ကတိတော်ကိုပေးထားပါတယ်။

ခရစ်တော်၏ နာမတော်ကြောင့် အိမ်မှ နှင်ထုတ်ခံရတဲ့အချိန်မှာ ကျွန်တော် ဘုရားကို ချစ်ပေမယ့် လူဖြစ်တဲ့အတိုင်း အသိဉာဏ်မဲ့စွာဖြင့် "ဘုရားသခင်– ကိုယ်တော်သာ ကျွန်တော့်ကို ( )လူမျိုးထဲမှာ မမွေးခိုင်းခဲ့ဘဲ တိုင်းရင်းသား ကြားမှာ မွေးခဲ့ရင် ဒီလို ကြုံလာစရာ ရှိမှာ မဟုတ်ဘူး" ဆိုပြီး စောဒကတက် ခဲ့ဘူးပါတယ်။

နောက်ပြီး ကျမ်းစာကျောင်းကို မတက်လိုပေမယ့် တက်ခဲ့ရချိန်မှာ "ကိုယ် တော်ရယ် လက်ချည်းသက်သက်ဖြင့် ကျမ်းစာကျောင်းကို မပို့ဘဲ၊ အိပ်ထဲမှာ လက်ထဲ မှာ တခုခုကို အပြည့်ကိုင်ပြီး တက်ဖြစ်အောင်ပို့ခဲ့ရင် စာပေကိုအနှောင့်အယှက် ကင်းစွာ လေ့လာခွင့်ရမှာဘဲ"ဟူ၍လည်း စောဒကတက်ခဲ့ဘူးပါရဲ့။

အခု ကျွန်တော်ဘုရားရှင်ရဲ့ အကြံအစည်တွေကို ကောင်းစွာ မြင်တတ်လာ အောင် ဘုရားရှင်ကဘဲ တနေ့ပြီးတနေ့ ဖေးကူတော်မူပါတယ်။ အခုအိမ်က နှင်ထုတ် ခံရခြင်း၊ လက်ချည်းဗလာဖြင့် ဓမ္မကျောင်းသို့ ရောက်လာရခြင်းတို့ဟာ ကျွန်တော့် ဘဝ အတွက် မရှိမဖြစ်လိုအပ်တဲ့ လှေခါးလေးတွေပါ။ ဓမ္မသီချင်းတပုဒ်ရဲ့စာ သား အတိုင်းဆိုရပါက ဒီအရာတွေက "ဆုလှေခါးများပါဘဲ" လွယ်လွယ်ဖြင့် ခရစ်တော်ကို လက်ခံကိုးကွယ်ပြီး မိသားစုကြားမှာ "ဥ မကွဲ၊ သိုက် မပျက်" အနစ်နာ မခံဘဲ ကနဦး တမန်တော်တွေလို ဧဝံဂေလိတရားကို ယေရုရှလင် မှာပဲ ဟောပြောချင်ခဲ့တာက ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ပါ။ အခုတော့ ဘုရားသခင်က သူ့ရဲ့ အကြံအစည်တော် အကောင်းဆုံးများဖြင့် ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးယုံသာမက စစ်လက်နက် တန်ဆာ တွေကို ပံ့ပိုးပေးပြီး သူရဲ့ မျက်မှောက်တော်မှာ နေထိုင် သွားလာ တတ်စေခဲ့ ပါပြီ။

လက်ဗလာဖြင့် ဓမ္မပညာကို သင်ယူရခြင်းတွေကိုလည်း အခုနားလည် တတ်ခဲ့ပါပြီ။ အကယ်၍ ကျွန်တော့်ရဲ့ အိတ်တွေ ဖောင်းနေခဲ့ရင်တော့ ကျောင်းစ တက်တဲ့ နှစ်မှာဘဲ ကျွန်တော်ရွာကို ပြန်ရောက်ခဲ့မှာပါ။ လက်မှတ်ဝယ်ဖို့ ငွေမရှိ၊ ထွက်ပြေးဖို့ကလည်း လမ်းမသိတော့ မျက်ရည်တွေနဲ့ "ကိုယ်တော်ရယ် ကြိုက်သလို သာ ပြုပါတော့၊ ကျွန်တော့် ဘာကြောင့် ကိုယ်တော့်နာမ၊ မိဘနာမည်တွေ သိက္ခာ မကျအောင်တော့ဖြင့် ကျွန်တော့် ဆန္ဒကို ဖြည့်စေပါ"ဆိုပြီး အခက်အခဲ တွေကို ရင် မဆိုင်လိုဘဲ သရဖူကို ဆောင်းချင်ခဲ့တာက ကျွန်တော်ရဲ့ဆန္ဒရယ်ပါ။ အခုတော့ ကျွန်တော် လိုချင်တဲ့ သရဖူ သာမက "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည့် အကြောင်း ကို မြည်းစမ်း၍သိမှတ်ကြလော့" ဆိုသည့် စကားအတိုင်း ကျွန်တော်ရဲ့ ဘုရားဟာ ကျမ်းစာထဲမှာသာ ကတိပြု ယုံမက လက်တွေ့မှာပင် ထူမ မှု တွေက အမြတ် ဆုံးသော ဝိညာဉ် ပညာရပ်တွေပါ။

ကျမ်းစာကျောင်းဟာ နတ်ဘုံနတ်နန်းလို့ ထင်မှတ်ပြီး ရောက်ခဲ့လေတော့ သူတို့ စာတွေကလည်း လောကီသားတွေ သင်ပေးတယ် ဆိုတာကို မေ့ခဲ့တဲ့ ကျွန်

လူတွေကို မျက်မှောက်ပြုခဲ့တဲ့ ကျွန်တော့်ကို အခုတော့ဘုရားက“သူကို သာ မျက်မှောက်ပြုဖို့” ပေးအပ်ခဲ့တဲ့ အခြေအနေတွေမှာ အခု ကျွန်တော် ဘုရားရှင် ရဲ့ကျေးဇူးတော်ကြောင့် လမ်းလျှောက် ပြေးလွှားတတ်ပါပြီ

တော်၊ လူတွေကို မျက်မှောက်ပြုခဲ့တဲ့ ကျွန်တော့်ကို အခုတော့ဘုရားက“သူ့ကို သာ မျက်မှောက်ပြုဖို့” ပေးအပ်ခဲ့တဲ့ အခြေအနေတွေမှာ အခု ကျွန်တော် ဘုရားရှင် ရဲ့ကျေးဇူးတော်ကြောင့် လမ်းလျှောက် ပြေးလွှားတတ်ခဲ့ပါပြီ။

မိခင်နို့ရည်ကိုသာ အမြဲ သောက်သုံးလိုတဲ့သူကို နို့ဖြတ်တဲ့အချိန်၊ မိခင်ရဲ့ ရင်ခွင်မှာသာ နေချင်တဲ့သူကို အဝေးတစ်နေရာသို့ ပို့တဲ့အချိန်၊ အပေါင်းအသင်းနဲ့သာ နေလိုတဲ့သူကို တကိုယ်တည်းရှိနေစေခြင်းတို့ဟာ ဘဝမှာလွယ်တဲ့ အတွေ့အကြုံ မဟုတ် ပေမယ့် ဒါတွေကိုကျော်ဖြတ်ပြီးမှသာ ရင့်ကျက်တဲ့ဘဝကို ရောက်ရှိစေမှာမို့ ထိုနည်းတူစွာပဲ ဘယ်သူကိုမှ ရင်မဖွင့်နိုင်ခဲ့တဲ့ဘဝရဲ့ ဖြတ်သန်းမှုတွေဟာ ကျွန်တော့်ကို ဘုရားရှင်နှင့်သာ၍ နီးကပ်စေပါတယ်။

ဘယ်လို အခြေအနေတွေ ရှိနေတော့ ကျွန်တော်အမြဲတမ်း သတိရ ဆင်ခြင်ပြီး ခွန်အား ရမိတာက ယေရမိ ၁၈း၁-၂ ကို ကလေးဘဝမှာ သင်ခဲ့ဘူးတဲ့ ကဗျာလေးဖြင့် ကျွန်တော်တို့ရဲ့ဘုရားဟာ လူသားအိုးထိန်း သမား၊ လူသားဆရာသမားတို့ထက် ခြောက်ပစ်ကင်း သဲလဲစင်၊ အနှိုင်းမဲ့ ကြီးမြတ်တော်မူ၍ ကျွန်တော်တို့ အားကိုးခိုလှုံသင့်တဲ့ တဆူတည်းသောဘုရား ဖြစ်ကြောင်းကို ခွန်အားပေး နှိုးဆော်လိုပါတယ်။ အကယ်၍ မိတ်ဆွေရဲ့ ဘဝမှာအထက်ပါ အဖြစ်မျိုး ကြုံလာခဲ့ရရင် ယုံကြည်ခြင်းဖြင့် ရှေ့ကို မျှော်ကြည့်ပါ။ အနေးနဲ့အမြန်တော့ ကွာပေမယ့်အဆုံးမှာတော့ ဓမ္မသီချင်း တပိုဒ်လို “ကောင်းပေသည်၊ဝိညာဉ်ဘို့”ဟူ၍ကား ကျွန်ုပ်တို့အားလုံးချီးမွမ်း သီဆိုကြရမှာပါဟုတိုက်တွန်းရင်း။ ။ **SAMUEL SOE LWIN** (ကလေးမြို့ ၊ ချင်းပြည်နယ်)

---

## ကျွန်တော်နှင့်မုန်တိုင်းဒေသအမှတ်တရ(၄) မင်းအောင်သက်လွင်



ထန်းတစ်ပင်ရွာအဝင်

(ယခင်လမှအဆက်) ဒီတစ်ခါတော့ ၂၄ရက်နေ့နဲ့ ပြောင်းပြန်ဖြစ်သွားပါတယ်။ Mobile လူငယ် အဖွဲ့က အစည်းကြီး၊ အောင်မင်္ဂလာနဲ့ အစည်လေးရွာမှာ တစ်နေကုန်ထိုင် ဆေးကုဖို့ တာဝန်ယူပြီး ဆရာဝန်မကြီး၊ သူနာပြုကြီးများ ပါဝင်တဲ့ Stationary အဖွဲ့က နောက်တစ်ရွာ ဖြစ်တဲ့ ထန်းတစ်ပင် ရွာကို ဆေးကုဖို့ ထွက်လာခဲ့ပါတယ်။ ကျွန်တော်လဲ ထန်းတစ်ပင်ရွာကို သွားမဲ့အဖွဲ့နဲ့ ပေါင်းပြီး လိုက်လာခဲ့ပါတယ်။ သွားရမဲ့လမ်းက မြစ်ကြောင်းလမ်း မဟုတ်ဘဲ ဆည်မြောင်း ရေလမ်းကြောင်း ဖြစ်လို့ ရေကာတာ ကာထားတဲ့အတွက် ချောင်းထဲမှာ ရေတော်တော် တိမ်ပါ တယ်။ လှေကလဲ အမိုးအကာ မပါဘဲ တော်တော် သေးပါတယ်။ အဖွဲ့သားတွေ ကလဲ ဝဝဖိုင့်ဖိုင့် သမားတွေ များသလို လူတွေကလဲ များတဲ့အတွက် လှေမှောက် မှာ စိုးရိမ်နေကြရပါတယ်။ ရွာသားတွေက လှေမြုပ်မှာ မပူနဲ့ လှေမြုပ်လဲ လူ မသေဘူး။ ချောင်းရေက တိမ်တိမ်လေးလို့ ဆိုပါတယ်။ သူတို့ ပြောတဲ့အတိုင်းပါဘဲ။ တစ်နာရီလောက် စက်နဲ့ မောင်းပြီးနောက်ပိုင်းမှာ လှေဝမ်းနဲ့ ချောင်းရေကြမ်းပြင် တိုက်နေပြီး လှေကို မောင်းတဲ့ အင်ဂျင်ကလဲ ပူခြစ်ပြီးတော့ မီးခိုးတွေ အူထွက်နေပါတယ်။ အင်ဂျင်ကို ချောင်းရေနဲ့ လောင်းပြီး အအေးခံ၊ ရွာသားတွေက လှေပေါ်ကနေ ခုန်ချပြီးလှေကို လက်နဲ့ တွန်းကြပါတယ်။ လှော်တက်လဲ မရှိ၊ ထိုးဝါးလဲ မရှိပါဘူး။ လှေတွန်းပေးတဲ့ ရွာသား တော်တော်များများက အသက် ၁၆ နှစ်အောက် လူပျိုပေါက် လေးတွေ ဖြစ်တဲ့အပြင် လှေပေါ်မှာက လူ နှစ်ဆယ်ကျော် ဝဝဖိုင့်ဖိုင့် သမားတွေ များတဲ့အတွက် နောက်ဆုံးမှာတော့ သင်းအုပ်ဆရာ ဦးဆောင်တဲ့ သင်းထောက် လူကြီးများဟာ လှေပေါ်က ဆင်းပြီး ချောင်းရိုးအတိုင်း ကုန်းကြောင်း လမ်းလျှောက်ကြရပါတယ်။ ထန်းတစ်ပင်ရွာမှာ လှူမဲ့ ပစ္စည်းတွေ၊ ဆေးဝါးတွေနဲ့ အမျိုးသမီးတွေကိုတော့ လှေပေါ်မှာ ဆက်ထိုင်စေခဲ့ပါတယ်။ ကျွန်တော် အပါအဝင် အားကောင်း မောင်းသန်တဲ့ ယောကျ်ားအချို့လဲ ပုဆိုး ခါးတောင်း ကျိုက်ကာ လှေပေါ်က ဆင်းပြီး လှေကို တွန်းကြရပါတယ်။ ချောင်းရေက ပေါင်လည်လောက် အထိဘဲ ရှိပါတယ်။ နှစ်နာရီခွဲလောက် နီးပါး မွန်းတည့်နေ ပူပူကြီးအောက်မှာ ကုန်အပြည့် လူအပြည့် တင်ထားတဲ့ လှေကို ချောင်းရေထဲ ဗွက်တော နန်းတောထဲက ရွာသားတွေနဲ့ အပြိုင် တွန်းရလို့ တော်တော့်ကို မောသွား ပါတယ်။ တစ်သက်နဲ့ တစ်ကိုယ် ဒီလောက်ပင်ပန်းတဲ့ အလုပ်ကို မလုပ်ခဲ့ဖူးပါဘူး။ (နေပူထဲတွင် ၂နာရီ ခွဲနီးပါး လှေ တွန်းရသော အလုပ်)

နှစ်နာရီကျော် အကြာမှာ ထန်းတစ်ပင်ရွာကို ရောက်လာခဲ့ပါတယ်။ ရွာအဝင် မှာကတည်းက နန်းတော ဗွက်တောထဲကို ဖြတ်လျှောက်ခဲ့ရပါတယ်။ တစ်ဖွဲ့သားလုံး ဒူးဆစ် လောက်အထိ နက်တဲ့ နန်းတောထဲ ဖြတ်ခဲ့ရတာမို့ ရွာထဲက အိမ်မှာ ခြေထောက်တွေ ရေဆေးရပါတယ်။ အဲဒီ ရွာအတွက် လက်တွန်း လယ်ထွန်စက် ဝယ်ပေးပြီး လှူထားတဲ့အတွက် ထွန်စက်ရှေ့မှာ အမှတ်တရ ဓါတ်ပုံရိုက်ကြပါတယ်။ နောက်တော့ မွန်းလွဲ ၂နာရီ ရှိနေပြီဖြစ်တဲ့အတွက် ရွာကတည်ခင်း ဧည့်ခံတဲ့ မနက်စာကို ဟန်တောင် မဆောင်နိုင်ဘဲ အရင်စားလိုက်ကြပါတယ်။ စားပြီးတဲ့နောက်မှာတော့ ဆေးကုပေးဖို့ ဘုရားကျောင်းကို ထွက်လာခဲ့ကြပါတယ်။ ထန်းတစ်ပင်ရွာ ဆိုတဲ့အတိုင်း ထန်းပင် အပေါက်နည်းတဲ့ မြစ်ဝကျွန်းပေါ် ဒေသမှာ ထန်းပင်တစ်ပင်တည်း ရွာအလည်ခေါင် ဘုရားကျောင်း ဘေးနားမှာ ပေါက် နေတာဖြစ်တဲ့အတွက် အဲဒီရွာကို ထန်းတစ်ပင်ရွာ လို့ခေါ်ကြတာဖြစ်ပါတယ်။ ရွာသားတွေက အဲဒီ ထန်းပင်ကို လိုက်ပြပါတယ်။ နာဂစ်မုန်တိုင်းကြောင့် သစ်ပင်တွေ တော်တော်များများ အမြစ်က ကျွတ်ပြီး လဲပြိုကျနေတဲ့ အချိန်မှာ တစ်ပင်တည်းသော ရွာလယ်က ထန်းပင် မကျွတ်မလဲ ခဲ့တာဟာလဲ အံ့ဩစရာပါဘဲ။ ဒီထန်းပင်သာ မုန်တိုင်းနဲ့ ပင်လယ်လှိုင်းကြောင့် အမြစ်ကျွတ် လဲပြိုကျသွားခဲ့ရင် ထန်းတစ်ပင် ဆိုတဲ့ ရွာနာမည်ကို ပြောင်းခေါ်ရမှာ သေချာပါတယ်။ အခုတော့ ထန်းပင် မလဲတဲ့အတွက် နာမည် ပြောင်းစရာ မလိုတော့ပါဘူး။

ထန်းတစ်ပင်ရွာက ဘုရားကျောင်းဟာလဲ အစည်းကြီးရွာက ဘုရားကျောင်းလိုဘဲ အုတ်နံရံတွေ ပြိုလဲခဲ့ပါတယ်။ အမိုးတွေ အကုန်လုံးလဲ လွင့်ထွက်သွားတဲ့ အတွက် တာလပါတ် အမိုးတွေနဲ့ ယာယီ မိုးကာ ထားပေးခဲ့ရပါတယ်။ ဘုရားကျောင်းထဲမှာ ကလေးတွေ ဇယ်တောက် နေကြပါတယ်။ အခမဲ့ ဆေးကုသပေးဖို့ တရားဝင် ကြေငြာလိုက်တဲ့အခါမှာ ရွာသူရွာသားတွေ တစ်ရာနီးပါးလောက် ဆေးလာကုကြပါတယ်။ ဒီရွာမှာ အသေအပျောက်နည်းပါတယ်။ သင်းအုပ် ဆရာရဲ့ အိမ်နဲ့ ရွာသူရွာသားတွေရဲ့ အိမ်တွေ လုံးဝ ပြိုလဲ သွားတဲ့အတွက် အရင်ကထက် ပိုပြီးသေးငယ်တဲ့ အိမ်တွေကို ရရာ သစ်ဝါးတွေနဲ့ ပြန်ဆောက်ထားတာကိုတွေ့ရပါတယ်။ အသက် ခပ်ငယ်ငယ် မိန်းမရွယ် တစ်ယောက် ဆေးလာကုတာကို တွေ့ရတဲ့အတွက် ကလေး ဘယ်နှစ်ယောက် ရှိသလဲလို့ မေးတော့ ၆ယောက်တဲ့။ ကျွန်တော် မျက်လုံးပြူးသွားပါတယ်။ အသက် သုံးဆယ် မပြည့်သေးတဲ့ မိန်းမရွယ်က ကလေး၆ယောက် အမေတဲ့၊ ဘုရားရေ။ ကျေးဇူးတော်ချီးမွမ်းစရာက သူ့ကလေးတွေ နာဂစ်မှာ တစ်ယောက်မှ မ သေဘူးတဲ့။ လေထဲမိုးထဲ မုန်တိုင်းထဲမှာ ကလေးတွေကိုပိုက်ပြီး ဘေးကင်းရာ နေရာကို ပြေးနိုင်ခဲ့လို့တဲ့လေ။

စိတ် မကောင်းစရာ မြင်ကွင်း တစ်ခုကတော့ ရွာထဲက ကလေးတွေဟာ ကစားစရာ အရုပ်တွေ မရှိတဲ့အတွက် ရွာထဲက သစ်ရွက်တွေကို ခူးပြီး ဖိနပ်နဲ့ ပစ်ပြီး ကစားတာကို တွေ့ခဲ့ရပါတယ်။ ဆေးကုပြီးတဲ့အချိန်မှာ ညနေ လေးနာရီ ထိုးသွားပါပြီ အစည်းကြီးရွာမှာ ကျန်ခဲ့တဲ့ လူငယ်ဆရာဝန် ဦးဆောင်တဲ့အဖွဲ့ကို သုံးနာရီမှာ အစည်းကြီးနဲ့ ထန်းတစ်ပင်ရွာ ကြားမှာရှိတဲ့ အောင်ချမ်းသာရွာ (၂၄ ရက် နေ့က ဆေး သွားကုခဲ့သောရွာ)မှာ ပြန်ဆုံဖို့ ချိန်းချက်ထားတာကြောင့် ချိန်းထားချိန်ထက် တစ်နာရီ နောက်ကျပြီးမှ ပြန်လာခဲ့ရပါတယ်။ အပြန်မှာတော့ အလာတုံးကလို ရေတိမ်တဲ့ မြောင်းဘက်က မပြန်တော့ဘဲ (၂နာရီကျော် ရေထဲ လှေ ဆင်းတွန်းရမှာ စိုးတဲ့ အတွက်) ရေနက်တဲ့ ချောင်းဘက်က လမ်းကြောင်းပြောင်းပြီး ပြန်ခဲ့ကြ ပါတယ်၊ အဲဒီရွာဘက်က အပြန်မှာ နာဂစ်မုန်တိုင်းကြောင့် တစ်ရွာလုံး ရေထဲမြုပ်သွားတဲ့ သုခဝတီ ဆိုတဲ့ ရွာကိုတွေ့ခဲ့ပါတယ်။ လှေသမား ရွာခံ လူငယ် တွေ ပြောပြချက်အရ သုခဝတီ ဆိုတဲ့ရွာဟာ နာမည်နဲ့ လိုက်အောင် မုန်တိုင်း မကျခင်က သုခချမ်းသာ စည်းစိမ်တွေနဲ့ ပြည့်တဲ့ လူနေအိမ်ခြေများတဲ့ စီးပွားရေး ကောင်းတဲ့ ရွာကြီးတစ်ရွာ ဖြစ်ကြောင်း ရွာသားတွေဟာ ငါးဖမ်း ပိုက်ထောင် ပိုက်ပြင်ပြီး ငါးပွဲစား၊ ငါးပုဇွန် အဝယ်ဒိုင်လုပ်ငန်းတွေနဲ့ စီးပွားရေး အောင်မြင်တဲ့ ရွာကြီးတစ်ရွာဖြစ်ကြောင်း ရွာထဲမှာလဲ ဗီဒီယိုရုံတွေ လောင်းကစားဝိုင်းတွေနဲ့ စည်ကား ပျော်ပါးဖို့ ကောင်းကြောင်း ပြောပြပါတယ်။ အခုတော့ နာဂစ်ကြောင့် တစ်ရွာလုံး ရေမြုပ် ပျောက်ဆုံး သွားခဲ့ကြောင်း ပြောပြပါတယ်။ ရွာနားဝန်းကျင်မှာ လူသေ အရိုးနဲ့ ကျွဲနွားတွေရဲ့ အရိုးစုတွေကိုတောင် တွေ့ခဲ့ရပါသေးတယ်။

သင်းချိုင်းကုန်းတစ်ခုကို ဖြတ်သွားချိန်မှာတော့ ဟိုဘက်ရွာက အမျိုးသမီး တစ်ယောက်ဟာ မုန်တိုင်းကြောင့် သေဆုံးပြီး ရေစီးထဲ မျောပါသွား ရင်း ရေကျချိန်မှာ သင်းချိုင်းကုန်းက အုတ်ဂူတစ်ခုပေါ်မှာ အလောင်းတင် ကျန်ရစ်ခဲ့ တာကြောင့် သူ့အလောင်းကို တကူးတက သယ်လာစရာ မလိုဘဲ အဆင်သင့်မြေမြှုပ် သင်္ဂြိုလ် နိုင်ခဲ့ကြောင်း ပြောပြကြပါတယ်။ နောက်အဖြစ်အပျက် တစ်ခုကတော့ နောက်ရွာ တစ်ရွာက အဖိုးအို တစ်ယောက်ဟာ မုန်တိုင်းကြောင့် ရေလှိုင်း မုန်တိုင်းထဲ မျောပါသွားရင်း အုန်းပင်တစ်ပင်နဲ့ အုန်းရွက်တွေကို ဆွဲကိုင်ပြီး အသက်မသေအောင် ကြိုးစားခဲ့ရပါတယ်။ တစ်ညလုံး အုန်းရွက်တွေကို အားနဲ့ အင် နဲ့ ဆွဲကိုင်ထားတဲ့အတွက် ကြာတော့ လက်အံ့ သေလာသလို အိပ်လဲ ငိုက်

**ကျွန်တော် အထင်သေးမိတဲ့ ဦးလေးကြီး ကို စိတ်ထဲက ကြည်ညို လေးစားမိသလို ဘုရားသခင်က ငါတို့ အဖွဲ့သား တွေ အားလုံးကို သူ့အတတ်ပညာနဲ့ သူ အသုံးပြုပါလားလို့ ကျေးဇူးတင်မိပါတယ်။**

လာပါတယ်။ အိပ်ပျော်သွားရင် လက်လွှတ်ပြီး ရေစီးထဲ မျောပါသွားမှာ စိုးတာကြောင့် အိပ်မပျော်အောင် အာရုံပြောင်းတဲ့ အနေနဲ့ ဟန်အမူအယာနဲ့ သီချင်းဆိုနေဖို့ အကြံရလို့ သီချင်းစဆိုပါတယ်။ သီချင်းတွေကလဲ သူကြားဖူးနေကျ မုန်တိုင်းမကျခင် မြန်မာပြည်မှာ ကလေးတွေနဲ့ လူငယ်တွေ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ အိုးလေးလှုပ်ပါအုံး ဆိုတဲ့ ခေတ်ပေါ် သီချင်းကို အားရပါးရ ဟန်အမူအယာနဲ့ (လက်မလွှတ်အားတာကြောင့်) ဖင်ကလေးကို လှုပ်ခါလှုပ်ခါ အားရပါးရ ဆိုရင်း အိပ်ငိုက်ဖြေ အာရုံပြောင်း ခဲ့ရကြောင်း၊ မနက်မိုးလင်း မုန်တိုင်းစဲတဲ့အထိ ဖင်လှုပ်ပြီး သီချင်းဆိုခဲ့တဲ့အတွက် အိပ်မငိုက် လက် မလွှတ်ဘဲ သေကံမရောက် အသက်မပျောက်ခဲ့ကြောင်း ပြောပြခဲ့လို့ ငိုအားထက် ရယ်အား သန်ခဲ့ရပါသေးတယ်။

ကျွန်တော်တို့ အဖွဲ့ အောင်ချမ်းသာရွာကို ရောက်တော့ **Mobile** အဖွဲ့က ရောက်နှင့်နေကြပါပြီ။ ဒီတစ်ညတော့ ဘိုကလေးမြို့ပေါ် ပြန်အိပ်မှာမို့ စက်လှေနှစ်စီးနဲ့ ဘိုကလေးကို ပြိုင်တူထွက်လာခဲ့ကြပါတယ်။ ဘိုကလေးကို လူ ၂၆ယောက်လုံး ပြန်အိပ်မှာဖြစ်တဲ့အတွက် နေထိုင်စားသောက်ဖို့ အဆင်ပြေအောင် ဘိုကလေးမြို့ပေါ်က မိတ်ဆွေကို နေရာထိုင်ခင်းနဲ့ ညနေစာ စားသောက်ဖို့ ကြိုတင် ဖုန်းဆက်ရမှာမို့ စက်လှေအကြီးက တယ်လီဖုန်း ရှိတဲ့ စက်စုရွာ ကိုဝင်ပြီး ဖုန်းဆက် နေချိန်မှာ ကျွန်တော်တို့ စက်လှေအသေးက ဘိုကလေးကို ထွက်လာခဲ့ကြပါတယ်။ စက်လှေအသေးက စက်အားမကောင်းတော့ စီးချင်တဲ့သူ နည်းတာကြောင့် ကျွန်တော်တို့ လူ ၉ယောက်ဘဲ လိုက်လာခဲ့ကြပါတယ်။ ကျန်တဲ့ လူတွေနဲ့ ပစ္စည်းတွေကိုတော့ စက်အားကောင်းတဲ့ စက်လှေအကြီး နဲ့လိုက်ပါလာကြပါတယ်။ စက်လှေအသေး ပေါ်မှာ စင်ကာပူက သင်းအုပ်ဆရာ၊ အစည်းကြီးရွာက သင်းအုပ်၊ ကျွန်တော်တို့ ညီအကို ၊ စက်လှေ ဒရိုင်ဘာနဲ့ စပယ်ယာ၊ ဘဏ္ဍာထိန်း အစ်ကိုကြီးနဲ့ အသက် ၆၀ကျော် သံတောင်က ဦးလေးကြီးတစ်ယောက်၊ စင်ကာပူက သူနာပြုတစ်ဦးနဲ့ မြန်မာပြည်က သူ့ချစ်သူ စုံတွဲလဲ လိုက်ပါ လာကြပါတယ်။ အဲဒီလူတွေထဲမှာ သံတောင်က လိုက်လာတဲ့ အသက် ၆၀ကျော် ဦးလေးကြီးကို ကျွန်တော့် စိတ်ထဲမှာ သိပ် မနှစ်မြို့ပါဘူး။ သူက သူနာ ပြုလဲမဟုတ်၊ စင်ကာပူ အသင်းတော်က လူလဲမဟုတ်၊ ဘာမှလဲ မလုပ် တတ်ဘဲနဲ့ ဘာကိစ္စကြောင့် ကျွန်တော်တို့ စင်ကာပူက ဆေးကုတဲ့အဖွဲ့နဲ့ လိုက် လာတာလဲလို့ တွေးနေမိပါတယ်။ ဦးလေးကြီးဟာ လူပိုတစ်ယောက် အနေနဲ့ ဒီခရီးစဉ်ကို လိုက်လာတာဘဲလို့ စိတ်ထဲမှာ သိပ် မကျေနပ်ခဲ့ပါဘူး။

တစ်နေကုန် ပင်ပန်းနွမ်းနယ်နေကြပြီမို့ ကျွန်တော်တို့ အဖွဲ့သားတွေ မျက်စိမှိတ် တရေးအိပ်ပြီး လိုက်ကြပါတယ်။ လမ်းခုလတ်မှာ တဒုတ်ဒုတ်နဲ့ မောင်းနေတဲ့ စက်လှေက စက်သံပြောင်းသွားပြီး ရုတ်တရက် လှုပ်ခါ ထိုးရပ် သွားတာမို့ ကျွန်တော် မျက်စိမှတ်ပြီး အိပ်ပျော်နေရာက လန့်နိုးသွားပါတယ်။ မျက်စိ ဖွင့်ကြည့်လိုက်တဲ့အခါ စက်လှေမောင်းသမားက စက်နဲ့ ပဲ့ကို လွှတ်ထားပြီး သူကိုယ်တိုင် လှေဝမ်း ထဲဝင်နေတဲ့ ရေတွေကို အုန်းမှုတ်ခွက်နဲ့ ပက်ထုတ်နေပါတယ်။ လှေဦးမှာ သင်းအုပ်ဆရာနှစ်ပါးက စကားကောင်းနေကြသလို စက်လှေ စပယ်ယာနဲ့ ကျန်တဲ့ ကျွန်တော်တို့အားလုံးက အိပ်ပျော်နေကြပါတယ်။ အားလုံး လန့်နိုးသွားပြီး ဘာဖြစ်တာလဲလို့ စက်လှေမောင်းသမားကို ဝိုင်းမေးကြပါတယ်။ စက်လှေ မောင်းသူက သူ့လှေက လက်ရှိ မြစ်လက်တက်က ထွက်ပြီး မြစ်ပြင်ကျယ်ရဲ့ မြစ်ဆုံကို ရောက် နေတာမို့ ရေကြောင်းလမ်း ရှင်းနေတဲ့အတွက် လှေကို အော်တို စက်ဖွင့် မောင်းနေပေမဲ့ သူက အင်ဂျင်ကိုလဲ မကိုင်၊ ပဲ့ကိုလဲ မကိုင်ဘဲ လှေထဲ ရေဝင်နေတဲ့အတွက် ရေပက်ထုတ်နေရလို့ ဘာဖြစ်မှန်း မသိဘူးလို့ ပြောပါတယ်။ အားလုံး စက်လှေ ပဲ့ပိုင်းမှာ ရှိတဲ့ အင်ဂျင်နဲ့ ပန်ကာ ကိုသွားကြည့်တဲ့ အချိန်မှာ အင်ဂျင်နဲ့ ပန်ကာ ရှပ်ကို ဆက်သွယ်ထားတဲ့ ချိန်းကြိုး ပြတ်ထွက် သွား တာကို တွေ့လိုက်ရပါတယ်။ ပန်ကာက လုံးဝ မလည်တော့ဘဲ အင်ဂျင်က ဖရီး **(Free)** ဖြစ်သွားပြီး တဝုန်းဝုန်း လည်နေပါတယ်။ ချိန်းကြိုးက ပြတ်ထွက်သွားပါပြီ။ ကျေးဇူးတော်ကြောင့် ပြတ်သွားတဲ့ ချိန်းကြိုးဟာ မြစ်ထဲကို ပြုတ်ကျ မသွားခဲ့ပါဘူး။ လှေအစွန်းပေါ် တင်နေတဲ့ ချိန်းကြိုးပြတ်ကို အားရပါးရ ကောက်ကိုင်လိုက်ကြပါတယ်။ သွားပြီ၊ စက်လှေ မောင်းလို့မရတော့ပါ။ စက်လှေမောင်းသူက စက်ကို မောင်းရုံသာ မောင်းတတ်ပြီး မပြင်တတ်ပါ။ ချိန်းကြိုး မကောင်းတာ သိလို့ အသစ် ဝယ်ထား ပေမဲ့ အိမ်မှာ ကျန်နေခဲ့ကြောင်း ပြောပါတယ်။ ချိန်းကြိုး အသစ်ပါ မလာပါ။ လှော်တက်လဲ မရှိသလို၊ ထိုးဝါးနဲ့ ထိုးရအောင် ရေကလဲ မတိမ်ပါ။ လှေကလဲ ကမ်းနဲ့ ဝေးပြီး မြစ်အလယ်လောက်မှာ လည်နေသလို ညနေစောင်း ၅နာရီလောက်ဖြစ်နေတဲ့အတွက် လှေသွား လှေလာ တော်တော်ကျဲပြီး အကူအညီတောင်းရမဲ့ လှေ တစ်စီးမှ မရှိပါ။ နောက်က လိုက်လာမဲ့ စက်စုရွာမှာ တယ်လီဖုန်း ဝင်ဆက်နေတဲ့ စက်လှေကြီးရဲ့ အရိပ်အယောင်ကိုလဲ မမြင်ရပါ။ သွားပါပြီ။ ရေစီးအတိုင်း ကျွန်တော်တို့ စက်လှေ မျောနေပါတယ်။ ဗိုက်ကလဲ တစ်ကျုတ်ကျုတ် ဆာနေသလို၊ ဆီးနဲ့ ဝမ်းကလဲ သွားချင်နေပါပြီ။

စက်လှေမောင်းသူကို ပစ်ပစ်နစ်နစ် ဆဲချင်ပေမဲ့ သူက အသက် သုံးဆယ်ဝန်းကျင် ကလေးသုံးယောက်အဖေ ဖြစ်ပြီး၊ နာဂစ်မုန်တိုင်းထဲမှာ သူ့မိန်းမနဲ့ ကလေး အငယ်ဆုံးတစ်ယောက် သေဆုံးသွားလို့ ဝမ်းနည်းပူဆွေးနေတဲ့ ကလေး နှစ်ယောက်နဲ့ ကျန်ခဲ့တဲ့ လတ်လတ်ဆတ်ဆတ် မုဆိုးဖို ဖြစ်နေတာမို့ မဆူရက်တော့ပါ။ ဘယ်သူ့ကို အပြစ်ဖို့ ရမှန်း မသိတဲ့အချိန်မှာ ကျွန်တော် သိပ်ကြည့်လို့ မရတဲ့ သံတောင်က လိုက်လာတဲ့ အသက် ၆၀ကျော် ဦးလေးကြီးလဲ အိပ်ပျော်နေရာက နိုးလာပြီး ဘာဖြစ်တာလဲလို့ မေးပါတယ်။ အင်ဂျင်ချိန်းကြိုး ပြတ်သွားကြောင်းသိလိုက်ရတော့ စက်လှေမောင်းသမားကို ပြတ်သွားတဲ့ ချိန်းကြိုး နေရာမှာ ပြန်ဆက်ဖို့ ချိန်းကြိုး အဟောင်း ရှိ မရှိ မေးပါတယ်။ သံချေး အထပ်ထပ် တက်နေတဲ့ ချိန်းကြိုးအပြတ် တစ်ပိုင်းကို စက်ပစ္စည်းတွေ ထားတဲ့ ပုံးထဲက ပြန်ရှာတွေ့ပါတယ်။ ဦးလေးကြီးက စက်လှေ ပဲ့ပိုင်းမှာ ဆောင့်ကြောင့်ထိုင်ပြီး စိတ်ရှည်ရှည်နဲ့ ချိန်းကြိုး အဟောင်းကို ဒီဇယ်ဆီ စိမ်ပြီး သံချေး နူးအောင် လုပ်ပါတယ်။ ပလာယာတွေ ဝက်အူလှည့်တွေ တူတွေ မရှိတဲ့အတွက် ပါလာတဲ့ ဓါးမ နဲ့ ချိန်း ကြိုးကို ကလော်ထုတ်ပြီး ပြတ်သွားတဲ့ ချိန်းကြိုးနေရာမှာ လိုအပ်တဲ့ အရှည် ရအောင် ချိန်းကြိုး အဟောင်းက အဆစ် နှစ်ဆစ်ကို ဓါးမနဲ့ ကလော် ထုတ်ပြီး ပြန်ဆက်ပါတယ်။ စက်လှေ အင်ဂျင်ချိန်းကြိုးက မော်တော်ဆိုင်ကယ် ချိန်းကြိုး လောက်ရှိပြီး နှစ်ထပ် ဖြစ်တဲ့အတွက် ဖြုတ်တပ်ရတာ တော်တော် လက်ဝင် ပါတယ်။ ဦးလေးကြီးက စိတ်ရှည်ရှည်တဲ့ ပြန်ဆက်ပြီးချိန်မှာ ချိန်းကြိုးက တိုနေ သေးတဲ့ အတွက် အင်ဂျင် ဖောင်ဒေးရှင်းဘို့ တွေကို ပြန်လျှော့၊ အလိုင်းမင့် ပြန်ချိန် ပြီးချိန် မှာ ပြင်ဆင်ချိန် တစ်နာရီကျော် ကြာသွားခဲ့ပါတယ်။ အခုချိန်ထိ နောက်က လိုက်လာနေတဲ့ စက်လှေကြီးကို မမြင်ရသေးပါ။ စက်လှေ ပြန်ကောင်းသွားတဲ့ အတွက် အားလုံး ဝမ်းသာနေကြပါတယ်။ ကျွန်တော် အထင်သေးမိတဲ့ ဦးလေးကြီး ကို စိတ်ထဲက ကြည်ညို လေးစားမိသလို ဘုရားသခင်က ငါတို့ အဖွဲ့သား တွေ အားလုံးကို သူ့အတတ်ပညာနဲ့ သူ အသုံးပြုပါလားလို့ ကျေးဇူးတင်မိပါတယ်။ ဒီခရီးစဉ်မှာ လူပို တစ်ယောက်မှ မပါဘဲ ဘုရားက အဖွဲ့သား အားလုံးကို လိုအပ်သလို အသုံးချသွားတယ် ဆိုတာ နားလည်လိုက်ပါတယ်။ ည ၇နာရီမှာ ဘိုကလေးမြို့ကို စက်လှေ ဆိုက်ရောက်ပါတယ်။ ဘိုကလေးမြို့ ၂ လမ်းထဲက အသိအိမ် တစ်အိမ် မှာ ကျွန်တော်တို့ အဖွဲ့သားတွေ အားလုံး တည်းခိုကြ ပါတယ်။ နောက်နေ့က စပြီး ဒီအိမ်မှာ ညတိုင်း အိပ်မှာ ဖြစ်ပြီး နေ့ခင်း ဘက် တွေမှာ ရွာနီးချုပ်စပ်က အကူအညီ လိုအပ်တဲ့နေရာတွေကို သွားရောက် ဆေး ကုသ လှူဒါန်းပေးမှာ ဖြစ်ပါတယ်။ အခုမှဘဲ မြို့ပြရဲ့ အရိပ် အငွေ့ကို ပြန်ခံစားရပြီး ရန်ကုန်မှာ ရှိတဲ့ မိသားစုကို တယ်လီဖုန်းဆက် စကားပြော သတင်း ပို့ခွင့် ရခဲ့ပါတယ်။ ညနေစာ စားသောက် ကာ ထုံးစံအတိုင်း ညဦးပိုင်း မှာ လက်ဖက် ရည်ဆိုင် ထိုင်ခဲ့ကြပါတယ်။

ကျွန်တော် တို့ အဖွဲ့နဲ့ လိုက်လာတဲ့ စင်ကာပူက အန်ကယ်ထွန်းက ပျော်လွန်းလို့ လက်ဖက် ရည်ဖိုး ရှင်းပေးပါတယ်။ သူက ခေတ်ပညာတတ် တစ်ယောက်ဖြစ်ပြီး ငယ်ငယ် တုံးက အသင်းတော်ရဲ့ သာသနာ ခရီးစဉ်တွေမှာ လိုက်ပါဖူးတဲ့သူ မဟုတ်တဲ့အပြင် ပညာနဲ့ စီးပွားရေး လုပ်ငန်းတွေကိုဘဲ ဇောက်ချ လုပ်ခဲ့တဲ့သူ ဖြစ်ပါတယ်။ အခုလို ပင်စင်စား ချိန်မှ ကျွန်တော်တို့ အဖွဲ့နဲ့ လိုက်လာတာဟာ သူ့ဘဝရဲ့ ပထမဦးဆုံး အကြိမ် ဖေ်ဂေလိ ခရီးစဉ်ဖြစ်ကြောင်း၊ လက်ဖက် ရည်ဆိုင်လဲ တစ်ခါမှ မထိုင်ဖူးကြောင်း ကျွန်တော်တို့ အဖွဲ့နဲ့ ထိုင်ခြင်းဟာ ပထမဦးဆုံးအကြိမ် ဖြစ်ကြောင်း လူငယ်တွေရဲ့ ပေးဆပ် ဆက်ကပ်မှုကို မြင်ရတဲ့အတွက် ဝမ်းသာအားရကြောင်း ပြောပြပါတယ်။ ကျွန်တော်တို့ အဖွဲ့ကိုလဲ ညစဉ် လက်ဖက်ရည်တိုက်လိုကြောင်း ပြောရာ ကျွန်တော်က လွယ်ပါတယ် အန်ကယ်ထွန်းရာ နေ့တိုင်း အန်ကယ်ရဲ့ မွေးနေ့ လို့ ပြောပြီး လက်ဖက်ရည်တိုက်ပါ၊ ဘယ်သူမှ မငြင်းဘဲ အန်ကယ့် လက်ဖက် ရည် ကို သောက်ပါ့မယ်လို့ နောက်ပြောင်ပြီး ပြောလိုက်ပါတယ်။ နေ့တိုင်း အန်ကယ်ထွန်း လက်ဖက်ရည်တိုက်ခဲ့ပါတယ်။ အဲဒီ နေ့ည ဝတ်ပြု စည်းဝေးမှာ အန်ကယ်ထွန်း သက်သေခံပါတယ်။ ။ (ရှေ့လ ဆက်ရန်) *(မင်းအောင်သက်လွင်)*

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ)
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်